မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၁ရက်၊ ၂၀၀၈ ခုနှစ်၊ ဇွန် ၂၈ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၆၈)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက် (၄) ရပ်	လူမှုရေး ဦးတည်ချက် (၄) ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသားပြန်လည် စည်းလုံး ညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း မုန်တိုင်းသင့်ဒေသများရှိ မြို့ရွာများ ပြန်လည်ထူထောင်တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာ၌ မူလနေထိုင်လုပ်ကိုင်ခဲ့သည့်အခြေအနေထက်သာလွန်ကောင်းမွန်အောင်ဆောင်ရွက်လျက်ရှိ

အိုးအိမ်မဲ့ဖြစ်သွားသော လေဘေးသင့်ပြည်သူများအား အခိုင်အမာနေအိမ်များတည်ဆောက်ပေးသကဲ့သို့ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများ ပြန်လည်ထူထောင်လုပ်ကိုင်နိုင်အောင် ဝိုင်းဝန်းကူညီစောင့်ရှောက်

နေပြည်တော် ဇွန် ၂၈

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း မုန်တိုင်းသင့်ဒေသများရှိ မြို့ရွာများ ပြန်လည်ထူထောင်တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ဇွန် ၂၈ရက်က ဖွင့်လှစ်လိုက်သော ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ရွှေလောင်းကျေးရွာအနီး ခပေါင်းရေလှောင်တမံမှ ရေအားလျှပ်စစ်ထုတ်လုပ်ပြီး ထုတ်လွှတ်သော ဆည်ရေများကို လယ်မြေကေ ၁၀၀၀၀၀ အား စိုက်ပျိုးရေပေးဝေရန် သိုလှောင်ထိန်းသိမ်းထားသည့် ခပေါင်းရေလွှဲဆည်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံ - အောင်သန်း (မင်္ဂလာတောင်ညွန့်)

ကျော်စိန်၏ သတင်းဆောင်းပါး စာ - ၁၂ တွင် ဖတ်ရှုနိုင်ပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဇွန် ၂၉ ရက်)

ရေလုပ်ငန်းများ လျင်မြန်စွာပြန်လည်ဖွံ့ဖြိုးလာရေး အရင်းအနှီးနှင့် ကျွမ်းကျင်မှုပေါင်းစပ်ဆောင်ရွက်

ဧရာဝတီတိုင်းအတွင်း လေမုန်တိုင်းဒဏ်ခံခဲ့ကြရသည့် ကျေးရွာများ၌ ပြည်သူများနေထိုင်စားသောက်မှု အဆင်ပြေလွယ်ကူစေရေးအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လျင်မြန်စွာ ဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် လိုအပ်ချက်များကိုလည်း ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။

လယ်ယာလုပ်ငန်းများ မိုးရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်နှင့်အတူ စေတနာရှင်များ၊ တိုင်းရင်းသားကုမ္ပဏီများက လယ်ထွန်စက်များ၊ ကျွဲနွားများ၊ မျိုးစပါးများ၊ ထောက်ပံ့ပေးပို့လျက်ရှိရာ မြေပြုပြင်ခြင်း၊ ထွန်ယက်ခြင်း၊ ပျိုးကြဲစိုက်ပျိုးခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်သည်။

ရေလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက်လည်း ပိုက်၊ ကွန် စသည့် ငါးဖမ်းကိရိယာ ၁၀မျိုးနှင့် လှေအစင်း ၉၀၀၀အထိ ခွဲဝေထောက်ပံ့ပေးသွားရန် စီစဉ်လျက်ရှိသည်။ အဆိုပါပစ္စည်းများကို ဇွန်လ တတိယပတ်မှစတင်ပြီး သုံးလအတွင်း ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

လေဘေးဒဏ်ကြောင့် ပျက်စီးသွားခဲ့သော အအေးခန်းစက်ရုံများ၊ ကမ်းနီးကမ်းဝေး ငါးဖမ်းစက်လှေများ၊ ငါးပုစွန်မွေးကန်များ ပြန်လည်ထူထောင်ရန်အတွက် သက်ဆိုင်ရာက ချေးငွေများထုတ်ချေးပေးရန် စီစဉ်လျက်ရှိသည်။ ထို့ပြင် လက်လုပ်လက်စား ရေလုပ်သားများ အဆင်ပြေစေရေးအတွက် ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများ၌ တင်ဒါပိုက်ချက်နှင့် ဘုံငါးဖမ်းကွက်များအတွင်း သားငါးများ အခမဲ့ ရှာဖွေခွင့်ပြုသွားမည် ဖြစ်သည်။

ပင်လယ်ငါးဖမ်းလုပ်ငန်းများ လည်ပတ်နိုင်ရန်အတွက် စက်သုံးဆီများကို စျေးနှုန်းသက်သာစွာ ရရှိနိုင်ရန် စီမံပေးထားသကဲ့သို့ ရရှိလာသော ငါးများ အလွယ်တကူ ဖြန့်ဖြူးရောင်းချနိုင်ရန်အတွက် အဝယ်ဒိုင်များ ဖွင့်လှစ်ပေးထားလျက်ရှိသည်။ နိုင်ငံတော်က လေဘေးသင့်ဒေသများ၌ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်လုပ်ကိုင်နိုင်ရေး လုပ်ငန်းခွင်သုံးပစ္စည်းများ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံပြည်သူများက လုံ့လဝီရိယ စိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာမည်ဖြစ်သည်။

ရေလုပ်ငန်းများ ပြန်လည်ထူထောင် လုပ်ကိုင်နိုင်ရေးအတွက် နိုင်ငံတော်က ငွေကြေး၊ ပစ္စည်း၊ အတတ်ပညာပံ့ပိုးမှုများနှင့်အတူ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် အဖွဲ့အစည်းများ၊ ရေလုပ်ငန်းပညာရှင်များ၊ ကုမ္ပဏီများက ပူးပေါင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ရေလုပ်ငန်းများ အချိန်တိုအတွင်း ပြန်လည်ဖွံ့ဖြိုးလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးအောင်သောင်း စက္ကူစက်ရုံစီမံကိန်း ကြည့်ရှုစစ်ဆေး တစ်နေ့စက္ကူညို တန် ၈၀နှင့် သတင်းစာပျော့ဖတ်တန် ၅၀ ထုတ်လုပ်နိုင်မည်

ရန်ကုန် ဇွန် ၂၈

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ယမန်နေ့နံနက် ၆ နာရီခွဲက ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ပဲခူးတိုင်း ရေတာရှည်မြို့နယ် ရေနီအမှတ်(၂) စက္ကူစက်ရုံအနီး မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း တစ်နေ့တန် ၈၀ စက္ကူညိုနှင့် တစ်နေ့တန် ၅၀ CTMP ပျော့ဖတ်စက်ရုံ စီမံကိန်း(ရေနီ)သို့ ရောက်ရှိပြီး Bamboo Chip Preparation Plant ဝါးဖြတ်စပြုပြင်ရေးဌာန၏ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ သစ်ဖြတ်စ ပြုပြင်ရေး အဆောက်အအုံနှင့် စက်ပစ္စည်းများတပ်ဆင်ပြီးစီးမှုနှင့် သစ်ပျော့ဖတ်ပြုပြင်ရေးအဆောက်အအုံနှင့် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် သစ်ဖြတ်စတင်ပို့လိုင်း Comveyor များ တပ်ဆင်ပြီးစီးမှုအခြေအနေ၊ ဝါးချက်အိုးနှင့် ရေဆေးဌာန၏ Blow Tank များ၊ Cooking liquor Circulation Pump များ၊ Hot Water Tank နှင့် Heat Exchanger များ တပ်ဆင်ပြီးစီးမှု၊ ပျော့ဖတ်ချက်အိုး Digester သုံးလုံးတပ်ဆင်ပြီးစီးမှု၊ ရေဆိုးသန့်စင်ကန်များ တည်ဆောက်ပြီးစီးမှု၊ တန် ၅၀ ပျော့ဖတ်ချက်စက်ရုံ၊ တန် ၈၀ စက္ကူညိုစက်ရုံ၊ အငွေ့ပြန်ဌာန၊ ဓာတ်ဆားပြန်ထုတ်ဘွိုင်လာဌာန၊ ကော့စတစ်ပြန်ထုတ်ဌာန၊ ထုံးဖုတ်ဌာန ဆက်စပ်အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေး၍ စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် စက္ကူစက်ရုံတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများ၊ ဝါးချက်အိုးနှင့် ရေဆေးဌာန၏ Vaccun Washer ငါးလုံး တပ်ဆင်ပြီးစီးမှုနှင့် White Water Tank များ တပ်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စက္ကူစက်ရုံ စီမံကိန်း လုပ်ငန်းများ ပြီးစီးပါက ကုန်ထုတ်စက္ကူညို တစ်နေ့တန် ၈၀နှင့် သတင်းစာပျော့ဖတ် တစ်နေ့တန် ၅၀ ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ဆက်လက်၍ ဝန်ကြီးသည် ဇေယျာဝတီမြို့နယ်ရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဇေယျာဝတီသကြားစက်၊ ချက်ကြံသီးနှံစိုက်ကွင်း၊ အိုင်တုံကွန်းကြံစိုက်ခင်း တို့သို့ ရောက်ရှိပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေနှင့် စားသောက်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် ကြံစိုက်ခင်းအတွက် ရေသိုလှောင်ထားရှိမှုနှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေး၌ ဆင်းရွှေလီမျိုး ၁၀ဧကနှင့် K-88၊ K-92 ၅ဧက ယှဉ်ပြိုင်စိုက်ကွင်းများ၌ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ကြံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)** **(သတင်းစဉ်)**

ရွှေဘုန်းပွင့်စေတီတော်၌ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇွန် ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် စေတီတော်ဝင်းအတွင်းရှိ ကျောင်းတိုက်များတွင် ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော် အရှင်သူမြတ်တို့အား ၁၃၇၀ ပြည့်နှစ် ဝါဆိုလပြည့် (ဇူလိုင် ၁၇ရက်) ကြာသပတေးနေ့တွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူး၍ (၅၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်းတစ်စုံလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဂေါပကအဖွဲ့ ဖုန်း-၂၉၀၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့နယ် ပြန်/ဆက်ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်နှင့် စာပတ်ဝိုင်းကျင်းပ

ရန်ကုန် ဇွန် ၂၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒဂုံမြို့နယ်ရုံးမှ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဇွန် ၂၅ရက်က ဒဂုံမြို့နယ် ပြည်လမ်းအနောက်ရပ်ကွက်၌ ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးဆန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်နုက စာဖတ်ခြင်း၏အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် ဟောပြောသည်။ ဆက်လက်၍ စာဖတ်ဝိုင်း ကျင်းပရာ စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၏ ကျယ်ပြန့်သော ဗဟုသုတဆောင်းပါးကို စာကြည့်တိုက်မှူး ဒေါ်နီလာဝင်းက လည်းကောင်း၊ စာရေးဆရာ မောင်ဆုရှင်၏ ကုမ္မာရီယုဝတီခေတ်မှသည် အမျိုးသမီးခေတ်သို့ ဆောင်းပါးကို မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်သိန်းဆင့်က လည်းကောင်း ဖတ်ကြားကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မရမ်းကုန်းမြို့နယ် သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်း တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် သမိုင်းမြို့မကျောင်းလမ်း အမှတ်(၁)နေ ကျေးဇူးရှင် ဖခင်ကြီးဦးချစ်ထွေးအားရည်စူး၍ ဒေါ်လှစိန်နှင့် သား သမီး၊ မြေးများက အလှူငွေကျပ် ငါးသိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးဘချို၊ ဦးအေးမြင့်နှင့် ဦးမောင်လှိုင်တို့က လက်ခံယူကြသည်။ **(အောက်ပုံ)** **(က-ပ)**

ဓမ္မိကဓမ္မာရုံ နိဗ္ဗာန်ရောက်ကြောင်း တရားပွဲ

ရန်ကုန် ဇွန် ၂၈

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်(ရန်ကုန်) သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(စစ်ကိုင်း)၊ ပါမောက္ခချုပ် ဒေါက်တာ ဘဒ္ဒန္တ နန္ဒမာလာဘိဝံသ(Ph.D) ဆရာတော်၏ နိဗ္ဗာန်ရောက်ကြောင်း အထူးတရားပွဲကို ဇွန် ၃၀ရက်နှင့် ဇူလိုင် ၁ရက်တို့တွင် ညစဉ် ၇နာရီ၌ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မိကဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ချမ်းအေးဓမ္မစာဆိုပူဇော်ပွဲနှင့် ဓမ္မစာပေဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ဇူလိုင် ၅ ရက်၌ ကျင်းပမည်

ရန်ကုန် ဇွန် ၂၈

ချမ်းအေးဆရာတော် ဘဒ္ဒန္တနာဂသေနာဘိဝံသ၏ ဦးဆောင်မှုအရ (၁၂)ကြိမ်မြောက် ဓမ္မစာပေဖိတ်ခေါ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇူလိုင် ၅ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဗိုလ်တထောင်မြို့နယ် အမှတ် (၆)ရပ်ကွက် ၄၄လမ်း(အောက်လမ်း)ရှိ ဗုဒ္ဓဝိဟာရဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ယခုနှစ် အပူဇော်ခံပုဂ္ဂိုလ်များမှာ ဓမ္မဘေရီအရှင်ဝီရိ(တောင်စွန်း)၊ အရှင်အာစိဏ္ဏ(အမြိုက်နိဗ္ဗာန်)၊ အရှင်ဇောတိကာဘိဝံသ (ချမ်းသာကြီးဆရာတော်)၊ ဆရာကြီးပါရဂူ၊ ဆရာကြီး ဦးအောင်သင်း၊ ဆရာကြီး ဦးမြင့်ဆွေ(မဟာဝိဇ္ဇာ-လန်ဒန်)၊ ဦးသန်းထွန်း(ရွှေဘို)နှင့် ဆရာကြီး မာမကာသုတေသီတို့ ဖြစ်ကြသည်။ ဖိတ်ခေါ်စာမူပြိုင်ပွဲကို **လူငယ်နှင့်ဘာသာတရား** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ပညာရှင်အဆင့်တွင် ဆုရသူမရှိဘဲ အလွတ်တန်းအဆင့်တွင် **ကြာညိုမွန်မွန်**က ပထမဆုဆွတ်ခူးကြောင်းသိရသည်။ အသေးစိတ်သိလိုပါက ချစ်ဦးညို ဥက္ကဋ္ဌ ဖုန်း-၀၁-၂၉၉၇၇၃၊ ဦးကျော်ခင်မြင့် ဒုတိယဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ သီဟသုဓမ္မမဏိဇောတဓရ ဖုန်း-၀၁-၃၇၂၄၆၇၊ သူရဇော် အထွေထွေအတွင်းရေးမှူး ဖုန်း-၀၁-၅၈၀၄၃၈နှင့် ဦးကြိုင်မြင့် တွဲဖက်အထွေထွေအတွင်းရေးမှူး ဖုန်း-၀၁-၂၉၅၉၈၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဒုတိယဝန်ကြီး ဂျပန်အောက်လွှတ်တော်အမတ်နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် ဇွန် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် မြန်မာနိုင်ငံ၌ရောက်ရှိနေသော ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဒုတိယဝန်ကြီး ဂျပန်အောက်လွှတ်တော်အမတ် Mr.Ikuzo SAKURAI နှင့် အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ထွေးဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းတို့ တက်ရောက်ကြပြီး ဂျပန်နိုင်ငံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဒုတိယဝန်ကြီး ဂျပန်အောက်လွှတ်တော်အမတ်နှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr.Yasuaki Nogawa လည်း တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဒုတိယဝန်ကြီး ဂျပန်အောက်လွှတ်တော်အမတ် Mr.Ikuzo SAKURAI အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဂျပန်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဒုတိယဝန်ကြီး ဂျပန်အောက်လွှတ်တော်အမတ် Mr.Ikuzo SAKURAI နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

● ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်၊ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက် ရှိသည့် စေတနာရှင်၊ အလှူရှင် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာ၌ ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်းတို့အတွင်းရှိ လေဘေးသင့်ဒေသများကို ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုများကြောင့် ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေးနှင့်နေရင်းဒေသများ၌ ပြန်လည် နေထိုင်နိုင်ရေးစသည့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်နိုင်ခြင်း ဖြစ်ကြောင်း။

ကူညီစောင့်ရှောက်

ယခုအခါ အိုးအိမ်မဲ့ ဖြစ်သွားသော လေဘေးသင့်ပြည်သူများအား အမြဲတမ်းနေထိုင်နိုင်မည့် အခိုင်အမာမိုးလုံလေလုံနေအိမ်များ ဆက်လက်တည်ဆောက်ပေးရန် လိုအပ်သကဲ့သို့ ယင်းတို့၏အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းတို့ကို ပြန်လည်ထူထောင်လုပ်ကိုင်နိုင်အောင် ဝိုင်းဝန်းကူညီစောင့်ရှောက်ရန်လိုကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ယင်းပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရာ၌ မူလနေထိုင်လုပ်ကိုင်ခဲ့သည့် အခြေအနေထက် သာလွန်ကောင်းမွန်တိုးတက်စေရမည်ဆိုသည့် ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် အမြဲတမ်း နေအိမ်များကို ၁၆ပေ×ပေ၂၀အကျယ်၊ အုတ်ဖိနပ်ခံ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာဖြင့် ဆောက်လုပ်ပေးသွားမှာ ဖြစ်ကြောင်း။

ကူညီပံ့ပိုး

ယခုအခါ လေဘေးဒဏ်ကြောင့် အဆိုးရွားဆုံး ပျက်စီးသွားသော ဒေသများ၌ နိုင်ငံတော်အစိုးရ၏ကူညီပံ့ပိုးမှုဖြင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များက အဆိုပါ နေအိမ်များကို စတင်ဆောက်လုပ်လျက်ရှိကြောင်း။

ပထမအဆင့်အနေဖြင့် နေအိမ်အလုံးပေါင်း ၆၀၀၀ကျော်ကို ဦးစားပေးပြီး အမြန်ဆုံးတည်ဆောက်သွားမည်ဖြစ်ရာ စေတနာရှင်ပြည်သူများအနေဖြင့် နေအိမ်ဆောက်လုပ်မှု၌ ပါဝင်ကူညီလှူဒါန်းနိုင်ကြကြောင်း။

နေအိမ်ဆောက်လုပ်ရေးအတွက် သက်သာမှုရှိစေရန် နိုင်ငံတော်က သွပ်၊ သွပ်သံ၊ အိမ်ရိုက်သံ၊ ဘိလပ်မြေ၊ သစ်စသည်တို့ကို ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ပူးပေါင်းပါဝင်

စေတနာရှင် အလှူရှင်များ၊ သစ်လုပ်ငန်းရှင်၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၏ ပူးပေါင်းပါဝင်လှူဒါန်းမှုဖြင့် ဆောက်လုပ်ပါက ယင်းနေအိမ်များကို အမြန်ဆုံးဆောက်လုပ်ပြီးစီးမှာ ဖြစ်ကြောင်း။

ယခု လေဘေးကယ်ဆယ်ရေးလုပ်ငန်းအပါအဝင် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်ပါက အောင်မြင်မှုများ ရရှိခဲ့သည့် လက်တွေ့သာဓက များစွာရှိပြီးဖြစ်ရာ အားလုံးဝိုင်းဝန်း ပူးပေါင်း၍ လူနေအိမ်များဆောက်လုပ်ရေးနှင့် လေဘေးသင့်ပြည်သူများ၏ စီးပွားရေး လုပ်ငန်းများထူထောင်ရေးကို အထောက်အကူပြုစောင့်ရှောက်သွားကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် နယ်မြေခံဝန်ကြီးများက ရှင်းလင်းတင်ပြကြရာ ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်က ငပုတော မြို့နယ်အတွင်း လေဘေး၊ ရေဘေးကြောင့် ပျက်စီးသွားသည့် ကျေးရွာများ၌ အမြဲတမ်း လူနေအိမ်တည်ဆောက်ပေးရမည့် အရေအတွက်၊ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း ပြန်လည်ထူထောင်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်က လပွတ္တာမြို့နယ်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက ကွမ်းခြံကုန်းမြို့နယ်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်က ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဘိုကလေးမြို့နယ်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဒေးဒရဲမြို့နယ်၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ကော့မှူးမြို့နယ်တို့နှင့် စပ်လျဉ်း၍ မြို့နယ်အလိုက် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် အမြဲတမ်းနေထိုင်မည့် လူနေအိမ်များ တည်ဆောက်ရန်လိုအပ်မှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရေလုပ်ငန်းသုံးပစ္စည်းများ

ဆက်လက်၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လေဘေးသင့်ဒေသများရှိ ရေလုပ်ငန်းလုပ်ကိုင်သူများအတွက် ရေလုပ်ငန်းသုံး ပစ္စည်းများ ပံ့ပိုးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းက လေဘေးသင့် ပြည်သူများအတွက် နေအိမ်များ ဆောက်လုပ်ရာတွင် အုတ်ဖိနပ်အတွက် ဘိလပ်မြေနှင့်အုတ်ဖိနပ်များ ဖြည့်ဆည်းပေးသွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မြစ်ဝကျွန်းပေါ်ဒေသမှ ရန်ကုန်မြို့နှင့် အခြားအနယ်နယ်အရပ်ရပ်သို့ ရေချို၊ ရေငန်၊ ငါး၊ ပုစွန်များ အဆက်မပြတ် ဝင်ရောက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့ရွာများ ပြန်လည်ထူထောင်တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက လေဘေးသင့်ပြည်သူများအတွက် အခိုင်အမာနေအိမ်များဆောက်လုပ်ရန် ညှိနှိုင်း စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

လှူဒါန်းလျက်ရှိ

ထို့နောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက လေဘေးသင့်ဒေသများအတွက် လိုအပ်သည်များ ပါဝင်ဆက်သွယ်လှူဒါန်းလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက မြစ်ဝကျွန်းပေါ်ဒေသရှိ ရေလမ်းကြောင်းအရ ဆောက်လုပ်ရေးပစ္စည်းများ ပို့ဆောင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တုံ့ပြန်ကျေးဇူးဆပ်

ယင်းနောက် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိန်လွင်က လေဘေးသင့်ဒေသများအတွက် လှေတည်ဆောက်ရန်၊ အခိုင်အမာနေအိမ်များ ဆောက်လုပ်ရန်၊ သစ်လုံးခွဲစိတ်ပေးလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ တော်ဝင်မိသားစု ကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက အခိုင်အမာနေအိမ်များ အဆင်သင့် တည်ဆောက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးခင်ရွှေက လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေး လုပ်ငန်းများတွင် နိုင်ငံတော်၏ စေတနာအပေါ် တုံ့ပြန်ကျေးဇူးဆပ်ရမည်ဆိုသည့် စိတ်စေတနာဖြင့် လုပ်ငန်းရှင်အားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းရင်းသားလုပ်ငန်းရှင်များက လေဘေးသင့်ဒေသများ အတွက် နိုင်ငံတော်၏ ထောက်ပံ့အားပေးမှုများဖြင့် ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုများ၊ စာသင်ကျောင်း ဆောက်လုပ်ရေး၊ နေအိမ်ဆောက်လုပ်ရေး၊ စီးပွားရေးလုပ်ငန်းများ ထူထောင်ရေးလုပ်ငန်းများတွင် ဆက်လက် လှူဒါန်းပါဝင် တည်ဆောက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဦးစွာဝင်ရောက်

ထို့နောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နိဂုံးချုပ် အမှာစကားပြောကြားရာ၌ လေမုန်တိုင်း တိုက်ခတ်ပြီးနောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများနှင့်အတူ လေဘေးသင့်ဒေသများသို့ ဦးစွာဝင်ရောက်ခဲ့ကြသူများမှာ တိုင်းရင်းသားလုပ်ငန်းရှင်များဖြစ်ကြောင်း။

လေဘေးသင့်ဒေသများ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ဆောင်ရွက်ချက်များကို အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

ဆက်လက်ပူးပေါင်းဆောင်ရွက်

ယခုအခါ ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများအပြင် ပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုပါ တစ်ပါတည်း ဆက်လက် အကောင်အထည်ဖော်လျက်ရှိပြီဖြစ်ရာ တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်နှင့်အတူ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် ဇွန်လအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၉-၆-၂၀၀၈) ရက်နေ့

၂၀၀၈ ခုနှစ် ဇူလိုင်လအတွက်

(၁၃-၇-၂၀၀၈)ရက်နေ့

နှင့်

(၂၇-၇-၂၀၀၈) ရက်နေ့

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၈

၂၀၀၈ခုနှစ် ဇူလိုင် ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်၁၀နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမဆောင်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြင်မြိုင်နှင့် အဖွဲ့ဝင်များ၊ အကဲဖြတ်အဖွဲ့ဝင်များ၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ပြိုင်ပွဲဝင်ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အဖွင့်အမှာစကားပြောကြားသည်။

(အောက်ပုံ)

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲကို စတင်ကျင်းပရာ သဘာပတိအဖြစ် မြန်မာစာဌာန ပါမောက္ခ(အငြိမ်းစား) ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်က ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

မြန်မာအမျိုးသမီးများနေ့

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ (၃) ရက်

MYANMAR WOMEN'S DAY

3 rd July 2008

အကဲဖြတ်အဖွဲ့ဝင်များအဖြစ် မြန်မာစာဌာနမှ ပါမောက္ခ ဒေါ်မြမြဝင်း(အငြိမ်းစား)၊ အရှေ့တိုင်းပညာဌာနမှ ပါမောက္ခ ဒေါ်ခင်သိန်း၊ အဝေးသင်တက္ကသိုလ် သမိုင်းဌာနမှ ပါမောက္ခဌာနမှူး ပါမောက္ခ ဒေါက်တာဒေါ်မိုမိုသန့်၊ ဆေးတက္ကသိုလ်-၂ (ရန်ကုန်) သားဖွားနှင့် မီးယပ်ပညာဌာန ပါမောက္ခ ဒေါက်တာဒေါ်ဝင်းဝင်းမြနှင့် ဆေးတက္ကသိုလ်-၂ (ရန်ကုန်) ပါမောက္ခ ဒေါက်တာဒေါ်သန်းနုရွှေ ပါမောက္ခချုပ်(အငြိမ်းစား)တို့က ဆောင်ရွက်ကြသည်။

ယှဉ်ပြိုင်

ဆက်လက်၍ သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ စတုတ္ထနှစ်ကျောင်းသူ မဇင်မီမီက ''နည်းပညာကွန်ရက် အင်တာနက်နှင့် တက်ခေတ်လူငယ်''ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တတိယနှစ်ကျောင်းသူ မမေချိုဇင်က ''မျိုးဇာတိနွယ်''ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပထမနှစ်ကျောင်းသူ မခင်မိုးသူက ''သမိုင်းရာဇဝင်စာတင်ခဲ့ရသည့် မြန်မာအမျိုးသမီးများဂုဏ်ရည်'' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယနှစ်ကျောင်းသူ မချစ်စုမွန်မွန်အောင်က ''ချိန်ခါဌာနချင့်တိုင်းဆ၍ အလှဆင်ယင်ဝတ်စေချင်'' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တတိယနှစ်ကျောင်းသူ မသည်းနှင်းစိုးက ''မြန်မာအမျိုးသမီးထု သတိပြုရမည့် လူကုန်ကူးမှုအန္တရာယ်''ခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုများကိုချီးမြှင့်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ပထမဆုရ မချစ်စုမွန်မွန်အောင်အားလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ကြင်မြိုင်က ဒုတိယဆုရ မခင်မိုးသူအားလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကျပန်းစကားပြောပြိုင်ပွဲ ဆပ်ကော်မတီအဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်းက တတိယဆုရ မဇင်မီမီအားလည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ကျပန်းစကားပြောပြိုင်ပွဲ ဆပ်ကော်မတီအဖွဲ့ဝင် ဒေါ်နီလာသော်က နှစ်သိမ့်ဆု(၁)ရ မသည်းနှင်းစိုးနှင့် နှစ်သိမ့်ဆု(၂)ရ မမေချိုဇင်တို့အားလည်းကောင်း ဆုများချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ခြင်းအထိမ်းအမှတ် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဇွန် ၂၈

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ခြင်း အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော် ဥတ္တရခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များ၊ စာပေပညာရှင်များ၊ အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ကူညီပံ့ပိုးကြသော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂါရဝပြုပေးအပ်

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)နှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဦးမြတ်ခိုင်(မြတ်ခိုင်)တို့က မှတ်တမ်းတင်ဓာတ်ပုံကို ဂါရဝပြုပေးအပ်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အစည်းအဝေးကျင်းပရန် ကရဝိက်နန်းတော်ရှိ ခန်းမကို တစ်နေ့တာလုံး အသုံးပြုရန်နှင့် ညစာစားပွဲအတွက် ငွေကျပ် ၃၆သိန်းကျခံ ကူညီပံ့ပိုးပေးသော ဇေကမ္ဘာကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၏ ကိုယ်စား ကရဝိက်နန်းတော် ဒုတိယအထွေထွေမန်နေဂျာ ဦးသိန်းဟန်၊ ဧည့်ခံဖျော်ဖြေသည့် အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့နှင့် နေ့လယ်စာအတွက် ကူညီပံ့ပိုးပေးသော ဦးမောင်မောင်အေး (အလင်္ကာဝတ်ရည်)၊ အစည်းအဝေးသို့ တက်ရောက်ကြသူများအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ ကူညီပံ့ပိုးပေးသော အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ကိုယ်စား ဦးတင်အောင်ရွှေနှင့် အစည်းအဝေး ညနေပိုင်းတွင် အချိုပွဲဖြင့် ဧည့်ခံပံ့ပိုး၍ ကျန်းမာရေးပညာပေး ဟောပြော ကူညီပေးသော Marie Stopes International Myanmar Co., Ltd. မှ ဒေါက်တာစစ်နိုင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

တည်ခင်းဧည့်ခံ

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

သီဆိုဖျော်ဖြေ

ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့မှ တေးသံရှင်များက ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

တင့်တယ်လှပ မြန်မာအမျိုးသမီးဘဝ

❁ မြန်မာမလေး ယဉ်ကျေးလိမ္မာ
ပညာကြိုးစား နိုးကြားပျူငှာ
ကာယဉာဏ ပြည့်ဝခိုင်မာ
စာရိတ္တာထူးပကောင်းမွန်စွာ။

❁ မြန်မာအိမ်ရှင်မ မုချမှန်ပါ
လင်သာဘုရား သားသခင်အရာ
ဆည်ကာကန်သင်း စီးဆင်းရေမှာ
ထာဝရဘဝတင့်တယ်လာ။

❁ မြန်မာအမျိုးသမီး နည်းလမ်းကျစွာ
မှန်သာမညှိုး သယ်ပိုးစဉ်သာ
ငါသူတစ်ပါး မခြားတူစွာ
ရပ်ရွာအကျိုး ဆထမ်းပိုးထမ်းဆောင်ပါ။ ။

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ဒေါက်တာသန်းဦး

ပေးအပ်ချီးမြှင့်

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဧည့်ခံဖျော်ဖြေသည့် အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့နှင့် နေ့လယ်စာအတွက် ကူညီပံ့ပိုးပေးသော ဦးမောင်မောင်အေး (အလင်္ကာဝတ်ရည်) အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

အင်အားပြင်းငလျင်လှုပ်

နေပြည်တော် ဇွန် ၂၈

မြန်မာစံတော်ချိန် ၂၁း၀၀ နာရီအချိန် ထုတ်ပြန်ချက်-

၂၀၀၈ခုနှစ် ဇွန် ၂၈ရက် မြန်မာစံတော်ချိန် ၁၉နာရီ ၂၄မိနစ် စက္ကန့်၅၀တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၅၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (ကပ္ပလီပင်လယ်) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ဒသမ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းတာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်သည်။(သတင်းစဉ်)

သူတို့ အတွေးနှင့် အမြင်

✻ *Man is error.*
လူသည် အမှားနှင့်မကင်း။
စစ်စီရို (ရောမလူမျိုး စာရေးဆရာ)

✻ *Love get love.*
မေတ္တာစိတ်ဖြင့်သာ မေတ္တာကိုရယူနိုင်သည်။
ရှိတ်စပီးယား
(အင်္ဂလိပ်လူမျိုးပြဇာတ်နှင့်ဝတ္ထုရေးဆရာ)

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၂၈-၆-၂၀၀၈

ဆူဒန်၌ ကုန်တင်လေယာဉ်ပျက်ကျ ခုနစ်ဦးသေဆုံး

ဆူဒန်နိုင်ငံတောင်ပိုင်းရှိ မာလိကာမြို့အနီးတွင် ဇွန်၂၈ရက်က ကုန်တင်လေယာဉ် တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးခဲ့သည်။

ယင်း အန်တိုရီ-၁၂ ကုန်တင်လေယာဉ်မှာ ကျူးဘားလေကြောင်းလိုင်းပိုင် လေယာဉ်ဖြစ်ကာ လေယာဉ်ပေါ်တွင် ဝန်ထမ်းရှစ်ဦးလိုက်ပါလာခဲ့ကြောင်း၊ တစ်ဦးသာ အသက်ရှင် လွတ်မြောက်ခဲ့ကြောင်း၊ ရာသီဥတုအခြေအနေဆိုးရွားလာသဖြင့် အရေးပေါ် ဆင်းသက်၍ လေကြောင်းထိန်းမျှော်စင်သို့ အကြောင်းကြားပြီးနောက် မကြာမီ ပျက်ကျသွားခဲ့ကြောင်း သိရသည်။

ဂျပန်စစ်သင်္ဘော တရုတ်တောင်ပိုင်းမှ ပြန်လည်ထွက်ခွာ

တရုတ်နိုင်ငံသို့ ငါးရက်ကြာ အလည်အပတ်ရောက်ရှိနေသည့် ဂျပန်ရေတပ် တပ်ဖွဲ့ဝင်များအား တင်ဆောင်လာသည့် ဆူဇာနာမီအမည်ရှိ ဂျပန်စစ်သင်္ဘောကြီးမှာ တရုတ်နိုင်ငံ ကျန်ကျင်းဆိပ်ကမ်းမှ ဇွန် ၂၈ရက်က ပြန်လည်ထွက်ခွာသွားပြီဖြစ်သည်။

ယင်းစစ်သင်္ဘောကြီးပေါ်တွင် ဂျပန်ရေတပ်တပ်ဖွဲ့ဝင် ၂၄၀ ပါရှိလာပြီး ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် တရုတ်နိုင်ငံသို့ ပထမဆုံး ရောက်ရှိလာသည့် ဂျပန် စစ်သင်္ဘောဖြစ်သည်။ တရုတ်-ဂျပန် နှစ်နိုင်ငံမှ အရာထမ်းများမှာ သဘာဝ ဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာ အတွေ့အကြုံများဖလှယ်ရေးကို လုပ်ဆောင် ခဲ့ကြောင်း တရုတ်ပြည်သူ ၁၀၀၀ခန့်မှာလည်း ဆူဇာနာမီ စစ်သင်္ဘောသို့ လာရောက် ကြည့်ရှု လေ့လာ ခဲ့ကြောင်း သိရသည်။

ဘရာဇီး၌ အင်တာနက်အသုံးပြုသူ သန်း ၄၀ကျော်လာ

ဘရာဇီးနိုင်ငံ၌ အင်တာနက်အသုံးပြုသူဦးရေမှာ သန်း၄၀ကျော် ရှိလာပြီဖြစ် ကြောင်း၊ ယင်းမှာ ဘရာဇီးနိုင်ငံ လူဦးရေ၏ ၂၂ဒသမ၅ရာခိုင်နှုန်း ရှိကြောင်း ဆက်သွယ်ရေးဝန်ကြီးဌာနက ဇွန် ၂၈ရက်တွင် ပြောကြားသည်။

အသက်၁၆နှစ်အထက် လူဦးရေ ၄၁ဒသမ၅သန်းမှာ ၎င်းတို့၏ နေအိမ်များ၊ ကျောင်းများ၊ လုပ်ငန်းခွင်များ၊ စာကြည့်တိုက်များနှင့် အင်တာနက်ကဖေးများတွင် အင်တာနက်အသုံးပြုကြကြောင်း၊ ယခုနှစ် ပထမသုံးလအတွင်း ကွန်ပျူတာအလုံးရေ ၂ဒသမ၈သန်း ရောင်းချနိုင်ခဲ့ရာ ကမ္ဘာ့ကွန်ပျူတာဈေးကွက်၌ ပဉ္စမနေရာသို့ပင် ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ရိုမေးနီးယားအားကစားသမား ၁၀၅ဦး အိုလံပစ်ပွဲတော်သို့ စေလွှတ်ယှဉ်ပြိုင်မည်

တရုတ်နိုင်ငံ ပေကျင်းမြို့တွင်ကျင်းပမည့် အိုလံပစ်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင် ရန်အတွက် ရိုမေးနီးယားနိုင်ငံမှ အားကစားသမား ၁၀၅ဦးကို စေလွှတ်မည်ဖြစ်ကြောင်း ရိုမေးနီးယားအားကစားအဖွဲ့က ဇွန် ၂၈ရက်၌ သတင်းထုတ်ပြန်သည်။

အိုလံပစ်ပွဲတော်တွင် ရိုမေးနီးယားနိုင်ငံမှ ပြေးခုန်ပစ်၊ လက်ပစ်ဘော၊ရေကူး၊ အလေးမ၊ စားပွဲတင်တင်းနစ်နှင့် လက်ဝှေ့ အားကစားနည်းများအပါအဝင် အားကစား နည်း ၁၅မျိုး၌ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

ရေနံကြွယ်ဝသည့် ကူဝိတ်နိုင်ငံ

သတင်းအက်ဆေး

ကူဝိတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ ပါရှန်ပင်လယ်ကွေ့ မြောက်ဘက်စွန်း၌ တည်ရှိသည်။ ဤနိုင်ငံသည် သေးငယ်သော ရေနံကြွယ်ဝသည့်နိုင်ငံဖြစ်ပြီး တောင်ဘက်တွင် ဆော်ဒီအာရေဗျ၊ မြောက်ဘက်တွင် အီရတ်၊ အရှေ့ဘက်တွင် အီရန်မည်သော အင်အားကြီးသည့်နိုင်ငံများ တစ်ဖက်တစ်ချက် ဝန်းရံထားကာ ပင်လယ်ကွေ့ထိပ်တွင် လုံခြုံစွာ တည်ရှိသည့် နိုင်ငံဖြစ်သည်။

အဓိက ကဏ္ဍ

ဤနိုင်ငံ၏ ရေနံသိုက်များကို ၁၉၃၀ ပြည့်လွန်နှစ်များက ပထမဆုံးအကျိုးရှိရှိ အသုံးပြုခဲ့သည်။ ထို့ပြင် ဒုတိယကမ္ဘာစစ်ကြီးအပြီးနှင့် လွတ်လပ်ရေးရပြီးနောက် ရေနံလုပ်ငန်း တိုးတက်မှုကြောင့် ပြည်ပပို့ကုန် တန်ဖိုး ၉၀ရာခိုင်နှုန်း ဝန်းကျင်ရောက်ရှိကာ စီးပွားရေးတွင် ရေနံသည် အဓိကကဏ္ဍမှ ပါဝင်လာခြင်း ဖြစ်သည်။

အဆင့်မြင့်လာ

အာရေဗျကျွန်းဆွယ် အရှေ့မြောက်ပိုင်းမှာ ၁၆၀၀ပြည့်လွန်နှစ်များတွင် တူရကီ အော့တိုမန်အင်ပါယာ၏ အစိတ်အပိုင်းဖြစ်လာသည်။ ၁၇၅၆ခုနှစ်တွင် ကူဝိတ်လက်ရှိ အုပ်ချုပ်သူတို့ အရင် အုပ်ချုပ်သည့် အယ်လ်ဆာဘားမိသားစု ထိန်းချုပ်မှုအောက်သို့ ကူဝိတ်နိုင်ငံ ရောက်ရှိခဲ့သည်။ ၁၈၉၉ခုနှစ်တွင် တူရကီ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက် ကျရောက်မည်စိုးသဖြင့် ရှိတ်မူဘာရက်သည် ဂရိတ် ဗြိတိန်နှင့် သဘောတူနားလည်မှု ရယူခြင်းဖြင့် ကူဝိတ်သည် ဗြိတိသျှ အစောင့်ရှောက်ခံနိုင်ငံဖြစ်လာသည်။ ၁၉၃၇ခုနှစ်တွင် ကြီးမားသောရေနံသိုက်များကို တွေ့ရှိသည်။ ဒုတိယကမ္ဘာစစ်ကြောင့် ရေနံကို အကျိုးရှိရှိသုံးစွဲမှု နှောင့်နှေးရသည်။ သို့သော် ရေနံကြောင့် ကူဝိတ်သည် ခေတ်မီကူးသန်းရောင်းဝယ်ရေး ဌာနတစ်ခုဖြစ်လာသည်။ ၁၉၅၁ ခုနှစ်တွင် ကြီးမားသော ပြည်သူ့လုပ်ငန်း အစီအစဉ် စတင်သည်။ ကူဝိတ်နိုင်ငံ၏ အခြေခံ အဆောက်အအုံကို ပြုပြင်ပြောင်းလဲနိုင်ပြီး ပြည်သူတို့ လူနေမှု အဆင့်မြင့်လာသည်။

ဖျက်သိမ်း

၁၉၆၁ခုနှစ် ဇွန်လတွင် လွတ်လပ်ရေးရရှိသည်။ အာရပ်အဖွဲ့ချုပ်(အေအယ်လ်)သို့ ဝင်ရောက်သည်။ ၁၉၆၂ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်အရ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲကျင်းပသည်။ ၁၉၇၆ခုနှစ်တွင် အမျိုးသားလွှတ်တော်သည် နိုင်ငံတော်အကျိုးစီးပွားနှင့်အညီ မလုပ်ဆောင်ဟုဆိုကာ အမျိုးသားလွှတ်တော်ကို ကူဝိတ်စော်ဘွားက ရပ်ဆိုင်းလိုက်သည်။ ၁၉၈၀ပြည့်နှစ်တွင် အီရန်-အီရတ်စစ်ဖြစ်သည့်အခါ အီရတ်ကို ကူဝိတ်နိုင်ငံက ထောက်ခံသည်။ ၁၉၈၁ခုနှစ်တွင် အမျိုးသားလွှတ်တော် ပြန်ခေါ်ပြီး ၁၉၈၆ ခုနှစ်တွင် တစ်ဖန်ဖျက်သိမ်းသည်။

မာရှယ်လောထုတ်ပြန်

၁၉၉၀ပြည့်နှစ် ဩဂုတ်လတွင် အီရတ်က ကူဝိတ်ကို ကျူးကျော်သိမ်းပိုက်သည်။ ကူဝိတ်စော်ဘွားနှင့် အစိုးရအဖွဲ့ ဆော်ဒီအာရေဗျသို့ ထွက်ပြေးသည်။ ၁၉၉၁ခုနှစ်တွင် မဟာမိတ်တပ်များ ကူဝိတ်စီးတီးသို့ ရောက်လာသည်။ အီရတ်တပ်များက ကူဝိတ်မှ ရုပ်သိမ်းစဉ် ရေနံတွင်းများကို မီးရှို့ဖျက်ဆီးသည်။ ၁၉၉၁ ခုနှစ် မတ်လတွင် ကူဝိတ်စော်ဘွားပြန်လာပြီး သုံးလကြာ မာရှယ်လော ထုတ်ပြန်သည်။

စေလွှတ်

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား ဖြုတ်ချရန် အမေရိကန် ဦးဆောင်သည့်တပ်များ အီရတ်ကို ဝင်ရောက်ရန် ပြင်ဆင်သောအခါ ထောင်ပေါင်းများစွာသော ကူဝိတ်တပ်ဖွဲ့ဝင်များကို ကူဝိတ်-အီရတ်နယ်စပ်သို့ စေလွှတ်ခဲ့သည်။

ခန့်အပ်

၂၀၀၅ခုနှစ် မေလတွင် အမျိုးသမီးများအား ပါလီမန်ရွေးကောက်ပွဲတွင် မဲပေးခွင့်၊ အရွေးခံခွင့်ပြုသည့် ဥပဒေကို ပါလီမန်က အတည်ပြုသည်။ ၂၀၀၆ခုနှစ် ဇန်နဝါရီလတွင် ကူဝိတ်စော်ဘွား ရှိတ်ဂျာဘား

ကွယ်လွန်သည်။ အိမ်ရှေ့မင်းသား ရှိတ်ဆာအက်က စော်ဘွားဖြစ်လာသည်။ သို့သော် နာမကျန်း၍ ကိုးရက်အကြာတွင် ရှိတ်ဆာဘား ရာထူးဆက်ခံသည်။ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် ရှိတ်ဆာဘားက ညီဖြစ်သူ ရှိတ်နဝပ်အား အိမ်ရှေ့မင်းသားအဖြစ်နှင့် တူဖြစ်သူ ရှိတ်နက်ဆာကို ဝန်ကြီးချုပ်အဖြစ် အသီးသီးခန့်အပ်လိုက်သည်။

အနိုင်ရရှိ

၂၀၀၈ ခုနှစ် မေလ ပါလီမန်ရွေးကောက်ပွဲကျင်းပသောအခါ အစွန်းရောက်အစ္စလမ္မစ်ဝါဒီများ အနိုင်ရရှိသည်။ အမတ်နေရာ ၅၀တွင် ထက်ဝက်ကျော် အနိုင်ရရှိခြင်းဖြစ်သည်။ ကူဝိတ်စော်ဘွားက ရှိတ်နက်ဆာကိုပင် ဝန်ကြီးချုပ်အဖြစ် ခန့်အပ်သည်။

ထူထောင်

ကူဝိတ်နိုင်ငံသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကိုရွေးချယ်တင်မြှောက်မှု၊ သို့မဟုတ် ပါလီမန် ထူထောင်ခြင်းကို ပင်လယ်ကွေ့ ဒေသအတွင်း ပထမဆုံး ကျင့်သုံးသည့် အာရပ်နိုင်ငံဖြစ်သည်။

တာဝန်ပေး

၂၀၀၃ ခုနှစ်တွင် ကူဝိတ်စော်ဘွား ရှိတ်ဂျာဘားက ရှိတ်ဆာဘားအား ဝန်ကြီးချုပ်အဖြစ်ခန့်အပ်သည်။ ယင်းမှာ လွတ်လပ်ရေးရပြီးနောက် ဝန်ကြီးချုပ် ရာထူးနှင့် အိမ်ရှေ့မင်းသား ရာထူးကို ပထမဆုံး ခွဲခြားတာဝန်ပေးလိုက်ခြင်း ဖြစ်သည်။

အရေးနိမ့်

ကူဝိတ်စော်ဘွား ရှိတ်ဂျာဘားက အမျိုးသမီးများအား နိုင်ငံရေးနှင့် ပတ်သက်သည့် အခွင့်အရေး အပြည့်အဝပေးရေး ကြေညာချက်တစ်ရပ်ကို ၁၉၉၉ ခုနှစ်တွင် ထုတ်ပြန်သည်။ သို့သော် ပြည်သူ့လွှတ်တော်၌ ကပ်ပြီးအရေးနိမ့်သွားသည်။

ရှိတ်ဂျာဘား ကွယ်လွန်ပြီးနောက် ရှိတ်ဆာဘား လက်ထက် ၂၀၀၅ ခုနှစ်တွင်မှ အမျိုးသမီးများ နိုင်ငံရေးဆိုင်ရာ အခွင့်အရေး အပြည့်အဝရရှိသည်။ ပထမဆုံး အမျိုးသမီး ဝန်ကြီးတစ်ဦးကိုပင် ခန့်အပ်သည်။

ကူဝိတ်စော်ဘွား ရှိတ်ဆာဘားသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအတွက် တံခါးဖွင့်ပေးသည့် နိုင်ငံ့အကြီးအကဲဖြစ်သည်။ ခေတ်နှင့်အမီ လိုက်ရအောင် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်တတ်သူ ဖြစ်သဖြင့် သူ့ဦးဆောင်မှုအောက်တွင် ကူဝိတ်နိုင်ငံ၏ အနာဂတ်သည် ဖွံ့ဖြိုးတိုးတက်နေမည်သာ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး - ရေးသားသည်

ဤနိုင်ငံ၏ ရေနံသိုက်များကို ၁၉၃၀ ပြည့်လွန်နှစ်များက ပထမဆုံးအကျိုးရှိရှိ အသုံးပြုခဲ့၊ ဒုတိယကမ္ဘာစစ်ကြီးအပြီးနှင့် လွတ်လပ်ရေးရပြီးနောက် ရေနံလုပ်ငန်း တိုးတက်မှုကြောင့် ပြည်ပပို့ကုန် တန်ဖိုး ၉၀ရာခိုင်နှုန်း ဝန်းကျင်ရောက်ရှိကာ စီးပွားရေးတွင် ရေနံသည် အဓိကကဏ္ဍမှ ပါဝင်လာခြင်းဖြစ်။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ
တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ကော်ဖီနှင့် ရေနွေးကြမ်းတို့ကို ပုံမှန်သောက်သုံးလျှင် အမျိုးသားများ လေဖြတ်ခြင်း လျော့နည်းနိုင်

အင်တာနက် ကျန်းမာရေး

နယူးယောက် ဇွန် ၂၈

ဆေးလိပ်သောက်သည့် အမျိုးသားများအနေဖြင့် ကော်ဖီနှင့် ရေနွေးကြမ်းများကို သောက်သုံးပေးခြင်းဖြင့် လေဖြတ်နိုင်မှု လျော့နည်းစေကြောင်း ဆွီဒင်နိုင်ငံမှ သုတေသနပညာရှင်များက ဇွန် ၂၈ရက်၌ ပြောကြားသည်။

ကော်ဖီနှင့်ရေနွေးကြမ်းတို့တွင် ပါဝင်သောဓာတ်ပေါင်းများက ခန္ဓာကိုယ်အတွင်း သွေးလေလည်ပတ်မှုကို ပုံမှန်ဖြစ်စေရန် တွန်းအားပေးကြောင်း၊ ဆေးလိပ်သောက်သည့်အမျိုးသားများ၏ သွေးများတွင် နီကိုတင်းအဆိပ်ဓာတ်များ ပျံ့နှံ့လျက်ရှိနေရာ ကော်ဖီနှင့် ရေနွေးကြမ်းတို့၌ ပါရှိသောဓာတ်ပေါင်းက ၎င်းအဆိပ်များကို သန့်စင်ပေးနိုင်ကြောင်း ဆွီဒင်သုတေသနပညာရှင် ဒေါက်တာစူဆန်နာစီလာဒင်က ပြောကြားသည်။

ဆေးလိပ်သောက်ခြင်းကြောင့် အမျိုးသားများတွင် သွေးကြောနံရံများပေါက်ပြီး သွေးယိုစီးမှုဖြစ်ပွားနိုင်ရာ ဦးနှောက်သွေးကြောများပေါက်ထွက်မှု မဖြစ်ပေါ်နိုင်အောင် ကော်ဖီနှင့် ရေနွေးကြမ်းတို့၌ ပါဝင်သော ဓာတ်ပေါင်းက ကာကွယ်ပေးနိုင်သည်ဟု ၎င်းက ပြောကြားသည်။

ဆေးလိပ်သောက်သည့် အမျိုးသား ၂၆၅၅၆ဦးကို သုတေသနပြုခဲ့ရာ ရေနွေးကြမ်းနှင့်ကော်ဖီသောက်သုံးလေ့ရှိသူများမှာ လေဖြတ်မှုနည်းပါးကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ (အင်တာနက်)

ဟာသအမောပြေ

သက်သာတယ်ဆိုတာ ....

အလွန်ကပ်စေးနှဲသော အမျိုးသားတစ်ဦးသည် မိုတယ်တစ်ခုသို့ ရောက်လာပြီး အခန်းငှားလေသည်။

အခန်းငှားသူ	။ ။	ကျွန်တော် အခန်းတစ်ခန်းလောက် လိုချင်ပါတယ်။
ပိုင်ရှင်	။ ။	ရပါတယ် . . . အခန်းတွေက အမျိုးမျိုးရှိတာမို့ ရှင်းပြပါ့မယ်။
အခန်းငှားသူ	။ ။	ဟုတ်ကဲ့ပါ။
ပိုင်ရှင်	။ ။	ဒီအခန်းကတော့ တစ်ရက်ကို ဒေါ်လာ ၂၀၊ ရေချိုးခန်း၊ အိမ်သာပါတယ်။
အခန်းငှားသူ	။ ။	ဈေးများတယ်။
ပိုင်ရှင်	။ ။	ဒီအခန်းကတော့ ငါးဒေါ်လာထဲပါ။ ဈေးအနည်းဆုံးပါ။
အခန်းငှားသူ	။ ။	ဟုတ်ပြီ၊ သဘောကျတယ်။ အခန်းယူမယ်။
ပိုင်ရှင်	။ ။	ခဏလေးဆရာ၊ ကျွန်တော် သံနဲ့ သစ်သားတွေ သွားယူဦးမယ်။
အခန်းငှားသူ	။ ။	ဘာလုပ်ဖို့လဲဗျာ။
ပိုင်ရှင်	။ ။	ဒီလိုအခန်းတွေက ခုတင်ကိုယ်တိုင်လုပ်ပြီးမှ အိပ်ရပါတယ်။
အခန်းငှားသူ	။ ။	'ဗျာ'

ပြည်သူများအား မှန်ကန်သောအသိ၊ အမျိုးသားရေးအသိများ ဖြန့်ဝေ အမျိုးသားအကျိုးစီးပွားဘက်မှ အစဉ်တစိုက် ကာကွယ်ရပ်တည်ဆောင်ရွက် အမျိုးသားရေးနှင့်သမိုင်းပေးတာဝန်များကို စာပေအင်အားဖြင့် ထမ်းဆောင်

ရန်ကုန် ဇွန် ၂၈

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော် ဒက္ခိဏာခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ စတုတ္ထအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့ဝင်များ၊ အစည်းအဝေးကျင်းပရေးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ဖွင့်ပွဲအခမ်းအနား အစီအစဉ်များကို ဖတ်ကြားကြေညာသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံ ဗဟိုဦးစီးအဖွဲ့အနေဖြင့် လုပ်ငန်းများ ပိုမိုတိုးတက် အောင်မြင်စေရန်အတွက် လုပ်ငန်းအဖွဲ့ ခုနစ်ဖွဲ့မှ လုပ်ငန်းအဖွဲ့ ၁၄ဖွဲ့အထိ ဖွဲ့စည်း၍ ဆောင်ရွက်ခဲ့ရာ စည်းရုံးရေး၊ ရန်ပုံငွေရှာဖွေရေး၊ စာအုပ်စာပေထုတ်ဝေရေး၊ သက်သာချောင်ချိရေးနှင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းစသည့် ကဏ္ဍအသီးသီးတွင် အောင်မြင်တိုးတက်မှုများရရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

ကြိုးပမ်းလုပ်ဆောင်

ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာတွင် သက်ကြီးစာပေပညာရှင်၂၈ဦးနှင့် အဖွဲ့ဝင်၁၄၄ဦးတို့ ကွယ်လွန်ခဲ့ကြောင်း သိရှိရသည့်အတွက် မိမိအနေဖြင့် မိသားစုဝင်များ၊ အဖွဲ့ဝင်များနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း၊ ကွယ်လွန်သွားခဲ့သော စာပေပညာရှင်များအနက် တစ်ဦးအပါအဝင်ဖြစ်သော ပခုက္ကူဦးအုံးဖေ၏ ပခုက္ကူဦးအုံးဖေစာပေဆု ဆက်လက်ရှင်သန်နေအောင်လည်း မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးက အဓိကဆက်လက်ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ၎င်းစာပေဆုကို မူလရန်ပုံငွေမှ အတိုးအပွားများဖြင့် ဆုများချီးမြှင့်လျက်ရှိရာ လက်ရှိရန်ပုံငွေ အရင်းအမြစ်တိုးပွားရေးအတွက်လည်း ကြိုးပမ်းလုပ်ဆောင်သွားကြရန် တိုက်တွန်းလိုပါကြောင်း။

အဖွဲ့အနေဖြင့် စာပေလောကဖွံ့ဖြိုးတိုးတက်ရေး၊ စာပေလောကသားများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများအသိဉာဏ်ဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေး အကျိုးစီးပွားဘက်မှ ထာဝစဉ်ရပ်တည်ဆောင်ရွက်သွားရေး စသည့်အဖွဲ့၏ လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် စွမ်းအားရှိရန် လိုအပ်ကြောင်း၊ ထိုသို့ စွမ်းအားရှိရေးအတွက် အဖွဲ့၏ အဖွဲ့ဝင်အင်အားတိုးပွားရန် လိုအပ်ကြောင်း၊ အဖွဲ့ဝင်အင်အား တိုးပွားစေရန်နှင့် မြို့နယ်တိုင်း၌အဖွဲ့များရှိလာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်

ထို့အတူ အဖွဲ့၏ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရန်ပုံငွေ တိုးပွားရေး ကြိုးပမ်းဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း၊ စာပေလောကနှင့် စာပေလောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း စာပေဈေးကွက် ကြီးမားကျယ်ပြန့်ရန်လိုကြောင်း၊ မြန်မာနိုင်ငံတွင် အများစုဖြစ်သော ကျေးလက်နေပြည်သူများ စာများများဖတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန် ဆောင်ရွက်ပေးခြင်းဖြင့် စာပေဈေးကွက် ပိုမိုကျယ်ပြန့်လာမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် စာဖတ်ခြင်း အလေ့အထကောင်းများ ဖြစ်ပေါ်လာစေရန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ပေးလျက်ရှိရာ ယခုအခါ ကျေးရွာပေါင်း ၅၇၇၀၀ကျော်တွင် စာကြည့်တိုက်များ ထူထောင်ပေးခဲ့ပြီး ခိုင်မာသော စာကြည့်တိုက်ပေါင်း ၃၀၀၀၀ ကျော်ရှိပြီး ဖြစ်ကြောင်း။

ဆက်လက်၍ မြန်မာစာပေကို နိုင်ငံတကာသို့ ထိုးဖောက်ရန်လိုအပ်ကြောင်း၊ ယခုအခါ မြန်မာဘာသာဖြင့် ထုတ်ဝေနေသော ဂျာနယ်၊ မဂ္ဂဇင်းများကို ပြည်ပ၌ အားပေးဖတ်ရှုသူ ပရိသတ်များ ရှိနေကြောင်း၊ မြန်မာစာပေ စာကောင်းပေမွန်များ ပိုမိုထွက်ရှိလာပြီး ကမ္ဘာသုံးဘာသာဖြင့် ထုတ်ဝေ၍ ပြည်ပအထိ ဖြန့်ချိနိုင်အောင် နည်းလမ်းများ ရှာဖွေလုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း။

ကူညီပံ့ပိုး

စာပေလောကသားများအနေဖြင့် အမျိုးသားအကျိုးစီးပွားဘက်မှ အစဉ်တစိုက်ရပ်တည်ဆောင်ရွက်ခဲ့ကြရာတွင် ပြီးခဲ့သောဆိုင်ကလုန်းမုန်တိုင်းနာဂစ်ကြောင့် လေဘေးသင့်ခဲ့ရသော ပြည်သူများထံ အဖွဲ့က ကြီးမှူး၍ စာပေလောကသားများက သွားရောက်၍ ကူညီပံ့ပိုးခဲ့ကြခြင်း၊ မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများကို နိုင်ငံတော်က ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးဆောင်ရွက်ပေးနေမှုများကို ပြည်တွင်းရှိ ပြည်သူများ သိရှိနိုင်အောင်သာမက ကမ္ဘာကပါ သိရှိအောင် မီဒီယာနည်းဖြင့် အသိပေးခြင်း၊ စေတနာရှင် အလှူရှင်များ လာရောက်လှူဒါန်းနိုင်အောင် စည်းရုံးလှုံ့ဆော်ပေးခြင်းတို့ကြောင့် လေဘေးသင့်ပြည်သူများအား ပြည်တွင်းပြည်ပစေတနာရှင်အားလုံးက စေတနာထက်သန်စွာလှူဒါန်းခဲ့ကြကြောင်း၊ ယင်းအတွက်ကိုလည်း စာပေလောကသားများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

ထို့အတူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုရာ၌လည်း စာပေပညာရှင်များက အမျိုးသားအကျိုးစီးပွားဘက်မှ ရပ်တည်ပြီး အခြေခံဥပဒေအပေါ် ပြည်သူများ မှန်ကန်စွာ သိမြင်နားလည်အောင် ဆောင်ပုဒ်များ၊ ကဗျာ၊ ဆောင်းပါးနှင့် အခြားဖော်ပြချက်များကို သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ် အသီးသီးတို့တွင် စီစဉ်ဖော်ပြပေးခဲ့ခြင်းကြောင့် ပြည်သူတို့၏ တစ်ခဲနက် ထောက်ခံမှုကို ရရှိခဲ့ပြီး အတည်ပြုနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း အမျိုးသားအကျိုးစီးပွားဘက်မှ အစဉ်ရပ်တည်ဆောင်ရွက်ပေးသွားကြရန် ပြောကြားလိုပါကြောင်း။

ဆက်လက်ကြိုးပမ်း

နိဂုံးချုပ်ပြောကြားလိုသည်မှာ စာပေလောကသားများအနေဖြင့် ပြည်သူတို့အား မှန်ကန်သောအသိ၊ အမျိုးသားရေးအသိများ ဖြန့်ဝေပေးကြရန်၊ အမျိုးသားအကျိုးစီးပွားဘက်မှ အစဉ်တစိုက် ကာကွယ်ရပ်တည်သွားကြရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေးအတွက် အမျိုးသားရေးတာဝန်၊ သမိုင်းပေးတာဝန်များကို စာပေအင်အားဖြင့် ကျေပွန်စွာ ထမ်းဆောင်သွားကြရန်နှင့် အဖွဲ့၏ ရည်မှန်းချက်လုပ်ငန်းတာဝန်များ အောင်မြင်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဗဟိုဦးစီးအဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ကြည့်ရှု

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အစည်းအဝေးတွင် ခင်းကျင်းပြသထားသော မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ဗဟိုဦးစီး အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးသို့ တက်ရောက်လာကြသော ဗဟိုဦးစီးအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်း ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၈

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်းက ကြီးမှူးကျင်းပမည့် (၁၃)ကြိမ်မြောက် ကျောင်းသားဟောင်းနှင့်မျိုးဆက်သစ် နှစ်ပတ်လည် မိတ်ဆုံပွဲနှင့် သဘာဝဘေးအန္တရာယ်ခံစားရသူများကို ပံ့ပိုးကူညီခဲ့သော အလှူရှင်များအား ဂုဏ်ပြုပွဲကို ဇွန် ၂၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်တက္ကသိုလ်နယ်မြေ တောင်ငူဆောင်(မြေညီထပ်)ရှိ မြန်မာစာခန်းမ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်အပါအဝင် တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ တောင်တက်အသင်းဝင် ကျောင်းသားဟောင်း မျိုးဆက်သစ်အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးများ ပိုမိုထူးချွန်ထက်မြက်အောင်ကြိုးစားအားထုတ် ပြည်ထောင်စုကြီး၏ နယ်မြေအသီးသီး၌ ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်

အရည်အသွေးပြည့်ဝသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ်ဖြင့် နိုင်ငံ့အကျိုးကြိုးပမ်းဆောင်ရွက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ကိုယ်စား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး) သင်တန်းအမှတ်စဉ်(၇) ဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၈

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး) သင်တန်းအမှတ်စဉ်(၇) ဆင်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် မန္တလေးတိုင်း အမရပူရမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (မန္တလေး)၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး) ကြီးကြပ်ရေး အဖွဲ့နာယက မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ဌေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဝန်ကြီးဌာနအသီးသီးတို့မှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး) ကျောင်းအုပ်ကြီးနှင့် ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် အေဂျီတီအိုင် ဒီပလိုမာရရှိကြသည့် ကျောင်းသားများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုး

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး) သင်တန်းအမှတ်စဉ် (၇) သိပ္ပံဘာသာ ထူးချွန်ဆုရ စစ်ကိုင်းတိုင်း လေရှီးမြို့မှ နာဂတိုင်းရင်းသား မောင်ကျော်သက်လင်း။

များ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က အမှာစကား ပြောကြားရာ၌ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် နှစ်ခုကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ **“နယ်စပ်ဒေသမှာ လိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ပေါ်ထွန်းလာစေဖို့နဲ့ ဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်မယ့် အဆင့်မြင့်ပညာ တတ်ကျွမ်းသော အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်စေဖို့”** ဆိုသည့် ရည်မှန်းချက်များဖြင့် တည်ထောင်ဖွင့်လှစ်ပေးခဲ့ရာ ယခုဆိုလျှင် မန္တလေးဒီဂရီကောလိပ်၏ သတ္တမအကြိမ်မြောက် ကျောင်းဆင်းပွဲကို ကျင်းပနိုင်ပြီ ဖြစ်ကြောင်း။

အရှိန်အဟုန်မြင့်မား

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ၁၉၈၉ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ ၁၈နှစ်တာကာလအတွင်း ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်အထူးမြင့်မားခဲ့ပြီး အောင်မြင်မှုများ ရရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်ကနေ ယခုအထိ နိုင်ငံတော်က နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ်သန်းပေါင်း ၁၇၈၇၈၉သန်းကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍ ၁၉၈၈ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသများတွင် မြေလမ်း ၃၄၉၂ မိုင်၊ ကျောက်ခင်းလမ်း ၂၄၄၇မိုင်နှင့် ကတ္တရာလမ်း မိုင်၄၁၀ ဖောက်လုပ်ပေးခဲ့ကြောင်း၊ စုစုပေါင်း လမ်းမိုင်ပေါင်း ၆၃၄၉ မိုင် အသစ်ဖောက်ပေးခဲ့သကဲ့သို့ ယခင် ရှိပြီးသား လမ်းဟောင်း ၃၃၉၆မိုင်ကိုလည်း အဆင့်မြှင့် ပြုပြင်ထိန်းသိမ်းပေးခဲ့ပြီး ပေ၁၀၀အထက် တံတားကြီး အစင်း ၈၀၊ တံတားငယ် ၁၀၃၃စင်းနှင့် ကြိုးတံတား ၄၆စင်းတို့ တည်ဆောက်ပေးခဲ့၍ နယ်စပ်ဒေသများအပြန်အလှန်ကူးလူးဆက်ဆံ ကုန်စည်ကူးသန်းနိုင်ကြပြီဖြစ်ကြောင်း။

ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ နိုင်ငံတော်က နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များ လူ့စွမ်းရည်မြှင့်တင်ရေး

ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး) သင်တန်းအမှတ်စဉ် (၇) ဝိဇ္ဇာဘာသာထူးချွန်ဆုရ ချင်းပြည်နယ် မင်းတပ်မြို့မှ ချင်းတိုင်းရင်းသား မောင်တမ်နိုင်ဟုန်း။

လုပ်ငန်းစဉ်ကို ဦးစားပေးဆောင်ရွက်ပေးနေကြောင်း၊ အခြေခံကျသည့် ပညာရေးကဏ္ဍ၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းအနေဖြင့် မူလတန်းကျောင်း ၈၅၅ကျောင်း၊ အလယ်တန်းကျောင်း ၉၀နှင့် အထက်တန်းကျောင်း ၉၂ကျောင်းတို့ ဆောက်လုပ်ပေးခဲ့သည့်အပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျောင်းပေါင်း ၆၄၁ကျောင်း ဆောက်လုပ်ခဲ့ပြီး ကျောင်းပေါင်း ၄၆၂ကျောင်းကို ပြုပြင်ပေးခဲ့ကြောင်း၊ယခင်ကကျောင်းသား ၁၀၀၀၀ကျော်သာရှိသည့် နယ်စပ်ဒေသများ၌ ယခုစာသင်နှစ်တွင် ကျောင်းသား ၂၄၁၂၅၈ ကျော်ရှိလာနေပြီဖြစ်ကြောင်း။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ရည်ရွယ်ချက်များ အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ၂၀၀၇ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် ဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၀၇)တွင် အမှာစကားပြောကြားရာ၌ **“နယ်စပ်ဒေသများနဲ့ အတွင်းပိုင်း ဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှုအပိုင်းမှာ ကွာဟနေမှုများ လျော့နည်းကျဆင်းအောင် တည်ဆောက်မှုလုပ်ငန်းများကို ဖိဖိစီးစီးဆောင်ရွက်ပေးခဲ့တယ်။ နယ်စပ်ဒေသများ အပါအဝင် ပြည်ထောင်စုကြီးနဲ့ နယ်မြေအားလုံးအကြား ဆူကြံ့ခိုင်မြဲမြင့် ကွာဟမှုများ လျော့နည်းကျဆင်းပြီး ပြည်ထောင်စုကြီး တစ်ရပ်လုံး တစည်းတလုံးတည်း မကွဲ**



ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး) သင်တန်းအမှတ်စဉ် (၇) အင်ဂျင်နီယာဘာသာထူးချွန်ဆုရ ကယားပြည်နယ် လွိုင်ကော်မြို့မှ ကယားတိုင်းရင်းသား မောင်နျားရယ်။

မပြား ညီညီညွတ်ညွတ် ဖွံ့ဖြိုးတိုးတက်ရမယ်ဆိုတဲ့ မွန်မြတ်တဲ့ ရည်မှန်းချက်ကြောင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်မှုရရှိလာပြီး တိုင်းရင်းသားလူမျိုးများ အချင်းချင်းစည်းလုံး ညီညွတ်ရေးဟာလည်း အတိုင်းအတာတစ်ရပ်အထိ အခြေခိုင်မာလာနေပြီ ဖြစ်တယ်” ဟု ထည့်သွင်းမိန့်ကြားခဲ့ကြောင်း။

စီမံဆောင်ရွက်

နယ်စပ်ဒေသ ဖွံ့ဖြိုးရေး အစီအမံများ ဆောင်ရွက်ရာတွင် ခေတ်အဆက်ဆက် ပညာသင်ယူမှုအခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသည့် နယ်စပ်ဒေသ ကလေးသူငယ်များအတွက် ပညာရေးအခွင့်အလမ်းများ ဖြစ်ပေါ်လာစေရအောင် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ရန် အခွင့်အလမ်းနည်းပါးသည့် တိုင်းရင်းသားလူငယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်ရေးအတွက် နယ်စပ်ဒေသတစ်လျှောက်၌ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၇ကျောင်း ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက် ရှိပြီး ၂၀၀၀ပြည့်နှစ်မှစ၍ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခုကို ဖွင့်လှစ်တည်ဆောက်ပေးခဲ့ကြောင်း။

၂၀၀၇ခုနှစ်အထိ ဒီဂရီကောလိပ်နှစ်ခုက မွေးထုတ်ပေးလိုက်သော ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရရှိသူ၅၅၄ဦး၊ အင်ဂျင်နီယာဒီပလိုမာရရှိသူ၂၂၉ဦး ပေါင်း၇၈၃ဦးတို့သည် နိုင်ငံ့ဝန်ထမ်းများအဖြစ် ပြည်နယ်နှင့် တိုင်းအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိနေကြပြီဖြစ်ကြောင်း၊ ယင်းကျောင်းဆင်းခဲ့သူများထဲက မဟာဝိဇ္ဇာဘွဲ့ ခြောက်ဦး၊ မဟာသိပ္ပံဘွဲ့ ၁၂ဦး၊ B.E ဘွဲ့ ၃၉ဦး၊ B.Tech ဘွဲ့ ၅၄ဦး ဘွဲ့ရရှိကြပြီးဖြစ်ကြောင်း၊ ဆက်လက်ပညာ ဆည်းပူးနေကြသည့် ကျောင်းဆင်းဝန်ထမ်းများအနေဖြင့် မဟာသုတေသနခြောက်ဦး၊ မဟာဝိဇ္ဇာ/သိပ္ပံ ၃၉ဦး၊ မဟာဝိဇ္ဇာ/မဟာသိပ္ပံ အရည်အချင်းစစ် ၆၁ဦး၊ M.E ၁၀ဦး၊ B.E ၂၃ဦး၊ B.Tech ၆၉ ဦးတို့ ဖြစ်ပြီး ယခု ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) က ဝိဇ္ဇာဘွဲ့ ၃၄ဦး၊ သိပ္ပံဘွဲ့ ၆၃ဦး၊ အေဂျီတီအိုင်ဒီပလိုမာ၂၅ဦးနှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)က ဝိဇ္ဇာဘွဲ့၂၂ဦး၊ သိပ္ပံဘွဲ့ ၄၆ဦး၊ အေဂျီတီအိုင် ဒီပလိုမာ ၂၅ဦး စုစုပေါင်းသင်တန်းဆင်း၂၁၅ဦးကို ထပ်မံမွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

သင်ကြားပေး

စာပေပညာသင်ကြားမှုအပြင်သက်မွေးဝမ်းကျောင်း ပညာဆည်းပူး၍ ဘဝရပ်တည်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသူ အမျိုးသမီးငယ်များအတွက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၃၄ ကျောင်းဖွင့်လှစ်ထားပြီး သင်တန်းသူများကို စရိတ်ငြိမ်းသင်ကြားပေးလျက်ရှိရာ ယနေ့အထိ သင်တန်းသူ ၂၆၅၆၀ ကို လေ့ကျင့် သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် အခြေခံပညာ မပြီးမြောက်သည့် တိုင်းရင်းသား လူငယ်များ အတွက် လက်သမား၊ ပန်းရန်၊ မော်တော်ယာဉ်စက်ပြင်၊ လျှပ်စစ်ဂဟေဆက် စသည့် သက်မွေးပညာရပ်များ သင်ကြားပေးရန် စစ်တွေ၊ လောက်ကိုင်၊ ပန်ဆန်းနှင့် မိုင်းလားမြို့များ၌ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ စက်မှုလက်မှု ပညာသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

အမိကျောင်းတော်ကြီးက သင်ကြားလေ့ကျင့်ပေးလိုက်သည့် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးများကို ခိုင်မြဲအောင်ပိုပြီး ထူးချွန်ထက်မြက်အောင် ကြိုးစားအားထုတ်ပြီး တာဝန်ထမ်းဆောင်ရမည့် ပြည်ထောင်စုကြီး၏နယ်မြေဒေသအသီးသီးကို သွားရောက်၍ ကျရာတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြပါ၊ ပေါ်ထွန်းလာတော့မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် အရည်အသွေးပြည့်ဝသော နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ်ဖြင့် နိုင်ငံ့အကျိုးကို ကြိုးပမ်း ဆောင်ရွက်သွားကြပါ၊ မိမိတို့ တာဝန် ထမ်းဆောင်ရမည့်ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကို ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဝန်ကြီးက ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (မန္တလေး)သင်တန်းအမှတ်စဉ်(၇)မှ ဝိဇ္ဇာဘာသာထူးချွန်ဆုရ ချင်းပြည်နယ် မင်းတပ်မြို့မှ ချင်းတိုင်းရင်းသား မောင်တမ်နိုင်ဟုန်း၊ သိပ္ပံဘာသာ ထူးချွန်ဆုရ စစ်ကိုင်းတိုင်း လေရှီးမြို့မှ နာဂတိုင်းရင်းသား မောင်ကျော်သက်လင်းနှင့် အင်ဂျင်နီယာထူးချွန်ဆုရ ကယားပြည်နယ် လွိုင်ကော်မြို့မှ ကယားတိုင်းရင်းသား မောင်နျားရယ်တို့အား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(မန္တလေး)မှ ၂၀၀၇-၂၀၀၈ပညာသင်နှစ်တွင် ဝိဇ္ဇာဘွဲ့ ၂၂ဦး၊ သိပ္ပံဘွဲ့ ၄၆ဦး၊ အေဂျီတီအိုင် ဒီပလိုမာ၂၅ဦး စုစုပေါင်း ၉၃ဦးတို့ ကျောင်းဆင်းကြသည်။ အဆိုပါ ကျောင်းဆင်း ကျောင်းသားများအနက် ကချင်တိုင်းရင်းသား နှစ်ဦး၊ ကယားတိုင်းရင်းသား ငါးဦး၊ ကယန်းတိုင်းရင်းသား ခုနစ်ဦး၊ ကရင်တိုင်းရင်းသား ခုနစ်ဦး၊ ကနန်းတိုင်းရင်းသား တစ်ဦး၊ ခမီတိုင်းရင်းသား နှစ်ဦး၊ ချင်းတိုင်းရင်းသား ရှစ်ဦး၊ ဓနုတိုင်းရင်းသား နှစ်ဦး၊ နာဂတိုင်းရင်းသား ငါးဦး၊ ပလောင်တိုင်းရင်းသား ၁၃ဦး၊ ပအိုဝ်းတိုင်းရင်းသား ရှစ်ဦး၊ မွန်တိုင်းရင်းသား ကိုးဦး၊ ရှမ်းတိုင်းရင်းသား ၁၃ဦး၊ လားဟူ တိုင်းရင်းသား တစ်ဦး၊ လီဆူးတိုင်းရင်းသား တစ်ဦး၊ ‘ဝ’တိုင်းရင်းသား ခြောက်ဦး၊ အာခါတိုင်းရင်းသား တစ်ဦးနှင့် အင်းသားတိုင်းရင်းသား နှစ်ဦးတို့ ဖြစ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4

ရုပ်မြင်သံကြားအစီအစဉ်

၂၉-၆-၂၀၀၈ရက် (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	အသေကိုမမေ့မှ ကုသိုလ်ကိုမမေ့မှာ တရားတော်(အပိုင်း-၂) (ဆရာတော်အရှင်ပုညာနန္ဒ)
၈း၀၀-၂း၀၀	Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၄၅-၂း၄၅	ထူးထူးခြားခြား ပဲခူးမြို့မှ မြွေဘုရား
၈း၅၅-၂း၅၅	မိသားစုတနင်္ဂနွေ (ကန်တော်ကြီး ကရဝိက်ဥယျာဉ်)
၉း၁၀-၃း၁၀	တေးဂီတအစီအစဉ်
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	ပေါ့ပေါ့ပါးပါး ဂေါက်သီးအားကစား
၉း၃၀-၃း၃၀	တေးဂီတအစီအစဉ်
၉း၃၅-၃း၃၅	ပင်လယ်ပြာသူရဲကောင်းများ၏ ပွဲကိုင်ရှင်
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀-၄း၁၀	သွားမယ် စားမယ် (Samurai Sushi ဂျပန်စားသောက်ဆိုင်)
၁၀း၂၅-၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀-၄း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅-၄း၃၅	ရှေးမှုမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၁၀း၄၀-၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅	ကိုးဘွဲ့ရ(ဝိပဿနာ) မဟာဓမ္မဗိမာန်တော်ကြီး ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့် လေဘောလျှုဒါန်းပွဲ
၁၁း၁၀-၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	ရွှင်မြူးသီကြွေး ကဗျာတေး (အပြိုင်အဆိုင်)
၁၁း၂၅-၅း၂၅	ကျောင်းသားလူငယ်နှင့် ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွဏ်း)
၁၁း၅၅-၅း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၁၀-၆း၁၀	ဝတ်စားဆင်ယင် ပါတိတ်ဒီဇိုင်းထွင်
၁၂း၃၀-၆း၃၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ “မျက်တော်ပြေ”
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

မြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်တိုင်းအတွင်းရှိ တာတမံမျ
ပြန်လည်ပြင်ဆင်တည်ဆောက်မည့် အစီအမံများ

ရန်ကုန် ဇွန် ၂၈

သဘာဝဘေးအန္တရာယ်ကား တားဆီးရန်ခက်ခဲသည်။ တကယ်တမ်းရင်ဆိုင်ကြုံတွေ့ရသည့်အခါ ပျက်စီးမှု၊ ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်ချည်းဖြစ်သည်။ နေအိမ်၊ အဆောက်အအုံများပျက်စီးမှု ဖြစ်ပေါ်ခဲ့ရ သကဲ့သို့ လယ်ယာစိုက်ပျိုးရေးနှင့် ကောက်ပဲသီးနှံများလည်း ထိခိုက်ဆုံးရှုံးပျက်စီးခဲ့ရသည်ကို ယနေ့ကမ္ဘာ့နိုင်ငံအများအပြား၌ အထင်အရှား မြင်တွေ့ရမည်ဖြစ်သည်။

ပျက်စီးခဲ့

မြန်မာနိုင်ငံတွင် မကြာသေးမီက နာဂစ်မုန်တိုင်းတိုက်ခတ်မှုနှင့်ကြုံတွေ့ခဲ့ရသည်။ မုန်တိုင်းပမာဏကြီးမားသကဲ့သို့ လေတိုက်ခတ်နှုန်းလည်း မြင့်မားခဲ့သည်ဖြစ်ရာ အလွန်မြင့်သော ပင်လယ်ဒီရေလှိုင်းများဖြစ်ပေါ်ခဲ့သဖြင့် လူ၊ တိရစ္ဆာန်၊ နေအိမ်၊ ကောက်ပဲသီးနှံတို့ သေဆုံးပျက်စီးခဲ့ရသည်။ မုန်တိုင်းဒဏ်နှင့် ပင်လယ်ဒီရေလှိုင်းများ ရိုက်ခတ်ခဲ့မှုတို့ကြောင့် ဧရာဝတီတိုင်းအတွင်းရှိ ငပုတော၊ လပွတ္တာ၊ ဘိုကလေး၊ ဖျာပုံနှင့်ဒေးဒရဲမြို့နယ်များရှိ ရေငန်တား တာတမံများနှင့် ရန်ကုန်တိုင်းအတွင်း ရေငန်တား တာတမံများ ပျက်စီးခဲ့သည်။

စိုက်ပျိုးမြေဧရိယာ

အဆိုပါ တာတမံအများစုသည် အောက်မြန်မာပြည်စပါးစိုက်ပျိုးမှုတိုးတက်ဖွံ့ဖြိုးရေး စီမံကိန်းအရ ၁၉၇၆ခုနှစ်နှင့် ၁၉၉၀ပြည့်နှစ်များအတွင်း တည်ဆောက်ခဲ့သော တာတမံများဖြစ်သည်။ တာအရှည် စုစုပေါင်းမှာ

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် လပွတ္တာတောင်ကျွန်းတွင် စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်စဉ်။

လပွတ္တာမြို့နယ် လပွတ္တာတောင်ကျွန်းတွင် ပျက်စီးသွားသောတာကို ဤသို့ ပြုပြင်ခဲ့ကြသည်။



အလျား ၆၅၆မိုင်ရှိရာ ကာကွယ်နိုင်သော စိုက်ပျိုးမြေဧရိယာမှာ ဧက ၃၆၀၀၀၀ ခန့်ရှိသည်။

စီစဉ်ဆောင်ရွက်ပေး

မုန်တိုင်းကြောင့် ပျက်စီးခဲ့သော တာများနှင့်ပတ်သက်ပြီး ဧရာဝတီတိုင်းအတွင်း ကွင်းဆင်းစစ်ဆေးမှုအရ လေဘေးသင့်ခံရသည့် မြို့နယ်ငါးမြို့နယ်အတွင်း ကျွန်းပတ်တာ၂၀နှင့် ရေငန်တားတမံ ၁၀ခုခန့် ရေတိုက်စားမှုနှင့် ရေလွှမ်းမိုးမှုတို့ကြောင့် အချို့အစိတ်အပိုင်းများ ပျက်စီးခဲ့သည်။ တာများပျက်စီးမှုကြောင့် စပါးစိုက်ပျိုး ဧကအများအပြား ရေလွှမ်းပျက်စီးခဲ့သဖြင့် နိုင်ငံတော်က ဒေသခံတောင်သူများ မိုးရာသီ စပါးအချိန်မီစိုက်ပျိုးရေးအတွက် အရေးပေါ်ပြင်ဆင်မှုလုပ်ငန်းများကို မေ၁၈ရက်မှစတင်ကာ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

မြေယာပြုပြင်မှုလုပ်ငန်း

ထိုသို့ဆောင်ရွက်ရာတွင် ဒေသလိုအပ်ချက်များနှင့် ကိုက်ညီရန် နေရာဒေသတစ်ခုချင်းအလိုက် အရေးပေါ်ပြင်ဆင်မှုလုပ်ငန်းများအဖြစ် တာတမံများပြင်ဆင်မှု အထူးအဖွဲ့ ငါးဖွဲ့ ဖွဲ့စည်းခြင်း၊ တာတမံပျက်စီးမှုများကို ကွင်းဆင်းတိုင်းတာဆောင်ရွက်ခြင်း၊ လိုအပ်သော စက်ယန္တရားများပို့ဆောင်ခြင်း၊ လူအင်အား၊စက်အင်အားဖြင့် တာတမံများပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း၊ တာတမံများပြင်ဆင်သည့် နည်းတူ စပါးစိုက်ပျိုးနိုင်ရေးအတွက် မြေယာပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ပုံစံတကျ

ဧရာဝတီတိုင်းအတွင်း စပါးစိုက်ပျိုးမှု မထိခိုက်စေရန် ချက်ချင်းအရေးပေါ်ပြင်ဆင်ရမည့် တာအလျားမှာ စုစုပေါင်း၁၆၆မိုင်နှင့် ပျက်စီးသွားသော ရေတံခါး၁၄ခုကိုလည်း ပြုပြင်သွားမည်ဖြစ်သည်။ ထိုသို့အရေးပေါ်တည်ဆောက်မှုများ ချက်ချင်းပြုလုပ်မှသာ မိုးရာသီကာလအတွင်း ရေလွှမ်းမှုနှင့် ရေငန်ဝင်မှုများကို တားဆီးကာကွယ်နိုင်မည်ဖြစ်ပြီး အထွက်နှုန်းလျော့ကျမှု မဖြစ်ပေါ်အောင်လည်း အကျိုးပြုမည်ဖြစ်သည်။ ဧရာဝတီတိုင်းကား မြစ်ချောင်း အင်းအိုင်ပေါ်များသော ဒေသဖြစ်ရာ တာတမံများကို စနစ်တကျ မတည်ဆောက်နိုင်ပါက စိုက်ပျိုးရေးကို အတိုင်းအတာတစ်ခုအထိ ထိခိုက်စေမည်ဖြစ်သဖြင့် အရေးပေါ်ပြင်ဆင်မှုလုပ်ငန်းများပြီးဆုံးသွားပါက ယခင်ရှိပြီးသား တာတမံများကို ပုံစံတကျ ပြန်လည် တည်ဆောက်သွားမည်ဖြစ်သည်။ ထိုသို့ တည်ဆောက်ပေးရာတွင် အဆင့်နှစ်ဆင့်ခွဲပြီး ပြင်ဆင်တည်ဆောက်မည်ဖြစ်ရာ ပထမအဆင့်အနေဖြင့် မြို့နယ်ငါးမြို့နယ်အတွင်း တာတမံအ

တိုးမြှင့်တည်ဆောက်သွားမည်ဖြစ်သည်။

အ

ဧရာဝတီတိုင်း ငပုတောမြို့နယ်အတွင်း၌

တာပေါင်းလေးခုကို လက်ရှိအမြင့်ထက်

ဆောင်ရွက်ပေးပါက စိုက်ပျိုးဧရိယာ ၂၃၃၉

ထို့အတူ လပွတ္တာမြို့နယ်တွင်လည်း ကျွ

လက်ရှိအမြင့်ထက် ခြောက်ပေခန့်ထပ်မံမြှင့်

မြို့နယ်တွင် စိုက်ပျိုးဧက ၆၉၉၀၈ကို ရေလွှ

မည်ဖြစ်သည်။

တစ်ဖန် မုန်တိုင်းဒဏ်ကြောင့် လေဘေး

တွင်လည်း လက်ရှိတည်ရှိနေသော ဒေါင့်ကြီး

မြှင့်တင်ပေးမည်ဖြစ်ရာ ၄င်းတာများ၏ စုစုပေါ

ရေလွှမ်းမှုမှကင်းဝေးအောင် ကာကွယ်ပေးနိုင်

ထို့အတူ လေဘေးသင့်ခံရသည့် ဖျာပုံ

၄င်းကျွန်းပတ်တာများကို လက်ရှိအမြင့်ထက်

၇၂၂၁၂ဧက ကို ရေငန်ဝင်ရောက်မှုနှင့် ရေလွှမ်

တားဆီးပေးနိုင်မည်ဖြစ်သဖြင့် စိုက်ပျိုးမှုကို

အပြ

တစ်ဖန် လေဘေးသင့်ခံရသည့် ဒေးဒ

နှစ်ပေခန့်ထပ်မြှင့်ပြီး လိုအပ်သည့် ပြုပြင်တည်

ပြီးစီးသွားပါက စိုက်ပျိုးဧက ၃၉၆၈၆ဧ

ထိုလုပ်ငန်းများမှာ အဆင့်(၁)လုပ်ငန်းများဖြစ်

၃၅သန်းခန့် ရှိမည်ဖြစ်သည်။ လုပ်ငန်းစတင်

ဆောင်ရွက်လျက်ရှိပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာ

ထိုသို့ စီမံကိန်းအဆင့်(၁) လုပ်ငန်းများဆော

အခြေအနေမပျက်ဖြစ်ချိန် ရောက်သည်နှင့် ပ

တစ်ပြေးညီ သုံးပေအမြင့် ထပ်မံမြှင့်တင်ဆော

တည်ဆောက်မှုကို ပြီးစီးချိန်အထိ နှစ်နှစ်သ

၂၇၃သမ၆၆သန်း ကုန်ကျမည်ဖြစ်သည်။ ယ

တည်ဆောက်ခြင်းဖြင့် သဘာဝဘေးကြောင့်

ဒေသခံပြည်သူများအနေဖြင့် သဘာဝဘေးကြ

နေထိုင်ခြင်းဖြင့် ရေကြီးမှုဒဏ်မှ ကင်းဝေးနိုင်

...ရှိ တာတမံများ ...အမံများ

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
စာမျက်နှာဖွဲ့စည်းမှု
လှစိန်

အနေဖြင့် မြို့နယ်ငါးမြို့နယ်အတွင်း တာတမံအရေအတွက် ၃၀ကို သတ်မှတ်အမြင့်ထက် ငါးပေမှ ခုနစ်ပေအထိ တိုးမြှင့်တည်ဆောက်သွားမည်ဖြစ်သည်။

အကာအကွယ်ပေးနိုင်

ဧရာဝတီတိုင်း ငပုတောမြို့နယ်အတွင်း၌ ကျွန်းပတ်တာ သုံးခုနှင့် မကျီးပင် မဒေါ်ကန်တာ အပါအဝင် တာပေါင်းလေးခုကို လက်ရှိအမြင့်ထက် ငါးပေထပ်မြှင့်ကာ တည်ဆောက်သွားမည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ပေးပါက စိုက်ပျိုးဧရိယာ ၂၃၃၉၆ဧကကို အကာအကွယ်ပေးနိုင်မည် ဖြစ်သည်။

ထပ်မံမြှင့်တင်

ထို့အတူ လပွတ္တာမြို့နယ်တွင်လည်း ကျွန်းပတ်တာလေးခုနှင့် ရေငန်တား တာလေးခုရှိရာ ၄င်းတာများကို လက်ရှိအမြင့်ထက် ခြောက်ပေခန့်ထပ်မံမြှင့်တင်ပေးသွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လပွတ္တာမြို့နယ်တွင် စိုက်ပျိုးဧက ၆၉၉၀၈ကို ရေလွှမ်းမှုနှင့် ရေငန်ဝင်ရောက်မှုတို့မှ ကောင်းစွာကာကွယ်ပေးနိုင်မည်ဖြစ်သည်။

တစ်ဖန် မုန်တိုင်းဒဏ်ကြောင့် လေဘေးနှင့်ရေလွှမ်းမှုဒဏ် ကြုံတွေ့ခံစားခဲ့ရသော ဘိုကလေးမြို့နယ်တွင်လည်း လက်ရှိတည်ရှိနေသော ဒေါင့်ကြီးကျွန်းပတ် တာလေးခုကို လက်ရှိအမြင့်ပေထက် ခုနစ်ပေထပ်မံ



လပွတ္တာမြို့နယ် လပွတ္တာတောင်ကျွန်းတွင် တာပျက်စီးမှုကို တိုင်းတာစစ်ဆေးခဲ့ကြစဉ်။



မြှင့်တင်ပေးမည်ဖြစ်ရာ ၄င်းတာများ၏ စုစုပေါင်းအရှည်မှာ ၁၁၃မိုင်ခန့်ရှိသဖြင့် စိုက်ပျိုးဧရိယာ ၆၇၀၄၀ဧကကို ရေလွှမ်းမှုမှကင်းဝေးအောင် ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

တားဆီးပေးနိုင်မည်

ထို့အတူ လေဘေးသင့်ခံရသည့် ဖျာပုံမြို့နယ်အတွင်း၌လည်း လက်ရှိ ကျွန်းပတ်တာ ခုနစ်ခုရှိနေရာ ၄င်းကျွန်းပတ်တာများကို လက်ရှိအမြင့်ထက် လေးပေမှငါးပေအထိ ထပ်မံမြှင့်တင်မည်ဖြစ်ပြီး စိုက်ပျိုးဧက ၇၂၂၁၂ဧက ကို ရေငန်ဝင်ရောက်မှုနှင့် ရေလွှမ်းမှုများမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ မြစ်ရေလျှံမှုများမှလည်း တားဆီးပေးနိုင်မည်ဖြစ်သဖြင့် စိုက်ပျိုးမှုကို လုံးဝထိခိုက်စေမည် မဟုတ်တော့ပေ။

အပြီးဆောင်ရွက်သွားမည်

တစ်ဖန် လေဘေးသင့်ခံရသည့် ဒေးဒရဲမြို့နယ်တွင်လည်း ကျွန်းပတ်တာများကို လက်ရှိအမြင့်ထက် နှစ်ပေခန့်ထပ်မြှင့်ပြီး လိုအပ်သည့် ပြုပြင်တည်ဆောက်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများ ပြီးစီးသွားပါက စိုက်ပျိုးဧက ၃၉၆၈၆ဧကကို သဘာဝဘေးများမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ထိုလုပ်ငန်းများမှာ အဆင့်(၁)လုပ်ငန်းများဖြစ်ပြီး ငွေကြေးခန့်မှန်းကုန်ကျမှုမှာ အမေရိကန်ဒေါ်လာ ၆၇ဒသမ ၃၅သန်းခန့် ရှိမည်ဖြစ်သည်။ လုပ်ငန်းစတင်အကောင်အထည်ဖော်မှုကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။

ကင်းဝေးနိုင်မည်

ထိုသို့ စီမံကိန်းအဆင့်(၁) လုပ်ငန်းများဆောင်ရွက်ပြီးပါက စိုက်ပျိုးမှုအခြေခံလုပ်ငန်းများ ပုံမှန်လုပ်ကိုင်နိုင်မှုမှ အခြေအနေမပျက်ဖြစ်ချိန် ရောက်သည်နှင့် ပထမအဆင့်တည်ဆောက်ခဲ့သော တာတမံပေါင်း၃၀ကို အားလုံး တစ်ပြေးညီ သုံးပေအမြင့် ထပ်မံမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ ဒုတိယအဆင့်လုပ်ငန်းများ တည်ဆောက်မှုကို ပြီးစီးချိန်အထိ နှစ်နှစ်သတ်မှတ်ထားပြီး လုပ်ငန်းကုန်ကျစရိတ် အမေရိကန် ဒေါ်လာ ၂၇ဒသမ၆၆သန်း ကုန်ကျမည်ဖြစ်သည်။ ယခုကဲ့သို့ တာတမံများနှင့် ရေကာတာများကို စနစ်တကျပြုပြင်တည်ဆောက်ခြင်းဖြင့် သဘာဝဘေးကြောင့် ဖြစ်ပေါ်လာသော ရေလွှမ်းမှုများကို ကာကွယ်နိုင်သည့်အပြင် ဒေသခံပြည်သူများအနေဖြင့် သဘာဝဘေးကြုံတွေ့ပါက အမြင့်ဖြစ်သော ရေကာတာများအပေါ် ရှောင်တိမ်းနေထိုင်ခြင်းဖြင့် ရေကြီးမှုဒဏ်မှ ကင်းဝေးနိုင်မည်ဖြစ်ပေသည်။

ထပ်မံမြှင့်တင်မည်

ထို့အတူ ရန်ကုန်တိုင်း ကော့မှူးနှင့် ကွမ်းခြံကုန်းမြို့နယ်များတွင်ရှိသော မုတ်ကျွန်းပင်လယ် ကမ်းပတ်တာကိုလည်း လက်ရှိအမြင့် ရှစ်ပေမှ သုံးပေ ထပ်မံမြှင့်တင်မည်ဖြစ်သည်။ ထိုသို့ အမြင့်သုံးပေ မြှင့်တင်လိုက်သဖြင့် အလျား ၂၆ ဒသမ ၅ မိုင်ရှိသော မုတ်ကျွန်းပင်လယ်ကမ်းပတ်တာကြောင့် စိုက်ပျိုးဧက ၇၅၃၁၅ကို ရေလွှမ်းမှုနှင့်ပင်လယ်ရေငန်ဝင်မှုတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် ရန်ကုန်တိုင်းအတွင်း ကျောက်တန်းမြို့နယ်ရှိ ပင်လယ်ကမ်းပတ်တာ သုံးခုကိုလည်းကောင်း၊ သုံးခွမြို့နယ်ရှိ ကမ်းပတ်တာနှစ်ခုကိုလည်းကောင်း၊ ခရမ်းမြို့နယ်ရှိ ဆင်ကျွန်းကင်းမွန်းခြံ ပင်လယ် ကမ်းပတ်တာကိုလည်းကောင်း လက်ရှိအမြင့်မှ သုံးပေထပ်မံမြှင့်တင် တည်ဆောက်သွားမည်ဖြစ်သည်။

အထောက်အကူပြု

ရန်ကုန်တိုင်းအတွင်းရှိ အဆိုပါမြို့နယ်ငါးခုမှ တာတမံပေါင်းခုနစ်ခု၏ သုံးပေအမြင့် ထပ်မြှင့်မည့် လုပ်ငန်းအတွက် ကုန်ကျမှုမှာ အမေရိကန်ဒေါ်လာ ၅ဒသမ၅၅သန်း ကုန်ကျမည်ဖြစ်သည်။ တည်ဆောက်မှုကာလမှာ နှစ်နှစ်အတွင်းပြီးစီးရန် ခန့်မှန်းထားသည်။ ထို့ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွက် တာတမံပြင်ဆင်ခြင်းလုပ်ငန်းများ ကုန်ကျစရိတ်မှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၀၀ဒသမ၅၆သန်း ရှိမည်ဖြစ်သည်။ ထိုသို့ တာတမံများပြင်ဆင်မှုလုပ်ငန်းဆောင်ရွက်နေစဉ် လိုအပ်သောနေရာများ၌ မုန်တိုင်းနှင့် ဒီရေလွှမ်းမှု အန္တရာယ်မှကာကွယ်နိုင်ရန် အသက်ကယ်ကုန်းမြင့်များနှင့် အသက်ကယ်ရေကန်များကိုလည်း စနစ်တကျ တည်ဆောက်ပေးသွားမည်ဖြစ်ရာ မမျှော်လင့်သော သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ပါက ဘေးကင်းစွာ အလွယ်တကူရှောင်တိမ်းနိုင်ကြမည်ဖြစ်သဖြင့် ကောင်းမွန်ထိရောက်သော အစီအမံများ ဖြစ်ပါကြောင်းနှင့် လယ်ယာစိုက်ပျိုးရေးအတွက် များစွာအထောက်အကူပြုမည့် တာတမံများဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

ကျေးရွာများအနီးတွင် တည်ဆောက်ရန်လျာထားသည့် အသက်ကယ်ကုန်း ပုံစံ။



ရှေ့သို့ဆက်လက်ချီမည့် အောင်မြင်မှုပန်းတိုင်ဆီ

မြန်မာအမျိုးသမီးထုကြီးဖြင့် ကျစ်လျစ်ခိုင်မာစွာဖွဲ့စည်းလာသည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ကြီးသည် အဖွဲ့ချုပ်အနေဖြင့် ရပ်တည်လာခဲ့သည်မှာ (၅)နှစ်ပြည့်တော့မည်ဖြစ်ပြီး အမျိုးသားအဆင့်ယန္တရား(National Mechanism) တစ်ခုအဖြစ် ဖွဲ့စည်းရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဟု ၁၉၉၆ခုနှစ် ဇူလိုင်လ ၃ရက်နေ့ကတည်းက စတင်ဆောင်ရွက်လာခဲ့မှုမှ စတင်မည်ဆိုပါက စနစ်တကျ ဖွဲ့စည်းဆောင်ရွက်လာသည်မှာ ၁၂နှစ်ခန့် ရှိလာပြီဖြစ်သည်။ အခြေခံလာသည့် နောက်ခံသမိုင်းကို ပြန်ကြည့်မည်ဆိုပါကလည်း နိုင်ငံတကာတွင် ဖွဲ့စည်းထားကြသည့် အမျိုးသမီးအဖွဲ့အစည်းများနှင့် ရင်ပေါင်တန်းဆောင်ရွက်ရာတွင် မြန်မာအမျိုးသမီးများအနေဖြင့်လည်း နောက်ကျမနေဘဲ ၁၉၉၅ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခဲ့သော စတုတ္ထအကြိမ် ကမ္ဘာ့အမျိုးသမီးညီလာခံသို့ တက်ရောက်ပြီးနောက် အမျိုးသားအဆင့် ယန္တရားတစ်ခု ဖွဲ့စည်းဆောင်ရွက်ရန် ချမှတ်ပေးခဲ့သည်နှင့်အညီ ၁၉၉၆ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် **“မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ”**ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

မြန်မာအမျိုးသမီးထုတစ်ရပ်လုံးကို ကိုယ်စားပြုကာဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို အားမာန်အပြည့်ဖြင့် စတင်ဆောင်ရွက်ရန် ဖွဲ့စည်းပေးသည့် မြန်မာအမျိုးသမီးထုတစ်ရပ်လုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်မှုရှိစေရန် နိုင်ငံတော်အစိုးရက စတင်ဖွဲ့စည်းပေးခဲ့သည့် ဤ၁၉၉၆ခုနှစ် ဇူလိုင်လ၃ရက်နေ့သည်လည်း မြန်မာနိုင်ငံအတွက် လည်းကောင်း၊ မြန်မာအမျိုးသမီးထုတစ်ရပ်လုံးအတွက်လည်းကောင်း၊ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ခဲ့ရပါသည်။ ‘မြန်မာအမျိုးသမီးများနေ့’ဟု ယင်းနေ့ကို သတ်မှတ်ပေးခဲ့ခြင်းမှာလည်း များစွာ အဓိပ္ပာယ်ရှိလှပါသည်။ မြန်မာအမျိုးသမီးထု တစ်ရပ်လုံးကို ကိုယ်စားပြုနေ သောကြောင့်လည်း မြန်မာ့အမျိုးသမီးများသမိုင်းတွင် ဂုဏ်ပြုထိုက်သောနေ့အဖြစ် သတ်မှတ်နိုင်ပါသည်။ ကော်မတီအဆင့်မှသည် နိုင်ငံတော်၏ အင်အားစုတစ်ရပ်အဖြစ် ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန်၊ အမျိုးသမီးများ၏ဘဝ လုံခြုံမှုရှိစေရန်နှင့် လုပ်ငန်းသဘာဝချင်းတူညီသည့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်တို့ကို ရည်ရွယ်၍ အစိုးရမဟုတ်သောအဖွဲ့ (NGO) တစ်ခုအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (Myanmar Women's Affairs Federation MWAF)ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့က ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်ပါသည်။

အဖွဲ့ချုပ်ဖြစ်သည်နှင့်အညီ မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍတိုးမြှင့်ပေးရုံမက အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးတို့တွင် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်စေရန်၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုထုံးစံများကို ပိုမိုမြတ်နိုး သိရှိကြစေရန်၊ အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများကို ပိုမိုသိရှိနားလည်ကြစေရန်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်စေရန်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် ဌာနကြီး(၆)ခုနှင့် လုပ်ငန်းအဖွဲ့(၆)ဖွဲ့ထားရှိ ဆောင်ရွက်နေပါသည်။ စည်းရုံးရေးဌာနကြီး၊ စီမံရေးရာဌာနကြီး၊ စည်းကမ်းထိန်းသိမ်းရေးရာဌာနကြီး၊ ဘဏ္ဍာရေးရာဌာနကြီး၊ ပြန်ကြားရေးရာဌာနကြီးနှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးရာဌာနကြီးတို့ဖြင့် ဌာနကြီး(၆)ခုကို ဖွဲ့စည်းထားပြီး လုပ်ငန်းအဖွဲ့များအနေဖြင့် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့၊ လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့၊ အမျိုးသမီးများအား လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့၊ တိုင်းရင်းသားရိုးရာလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာ လေ့လာရေးနှင့်အကြံပြုရေး အဖွဲ့နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားပါသည်။

ထို့အပြင် ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ရပ်ကွက်နှင့်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့များကိုလည်း အောက်ခြေတိုင် အဆင့်ဆင့်ဖွဲ့စည်းထားပေးပါသည်။ လုပ်ငန်းအဖွဲ့ (၆)ခုအနက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် အထူးတာဝန်ယူ ဆောင်ရွက်နေရသော အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့အောက်တွင် အဖွဲ့ခွဲ(၄)ဖွဲ့ဖြစ်သော အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုနှင့်လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးနှင့် အမျိုးသမီးငယ်ရွယ် လုပ်ငန်းအဖွဲ့ခွဲများ ထပ်မံဖွဲ့စည်းထားရှိပါသည်။ ထိုနည်းတူစွာပင် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့အောက်တွင်လည်း လုပ်ငန်းအဖွဲ့ခွဲ(၃)ဖွဲ့ဖြစ်သည့် ပညာရေး၊ကျန်းမာရေး၊ ယဉ်ကျေးမှုဟူ၍ အဖွဲ့ခွဲ(၃)ဖွဲ့ထားရှိပါသည်။ အားလုံးသော လုပ်ငန်းအဖွဲ့ခွဲများသည် မိမိတို့ သက်ဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ရမည့် ရည်မှန်းချက်များကို ဗဟိုအဆင့်မှသည် ကျေးရွာအဆင့်တိုင်း အဖွဲ့ချုပ်မှ သတ်မှတ်ထားရှိသည့် စည်းမျဉ်း၊ လုပ်ထုံးများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ချမှတ်ထားသော လုပ်ငန်းစဉ်များကို စည်းချက်မှန်မှန် စနစ်တကျချီတက်ရင်း အကောင်အထည်ဖော်လာခဲ့ရာတွင် မိတ်ဖက်အသင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ ဌာနကိုယ်စားလှယ်များနှင့် လာရောက်တွေ့ဆုံကြသော နိုင်ငံတကာ အဖွဲ့အစည်းများမှ ဧည့်သည်တော်များအား လက်ခံတွေ့ဆုံခြင်း၊လုပ်ငန်းဆက်စပ်သော ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပညာပေးဆိုင်ရာ ဟောပြောပို့ချမှုများပြုလုပ်ခြင်း၊ အခါအားလျော်စွာ ငွေနှင့် အခြားလိုအပ်သည့်ပစ္စည်းများ လှူဒါန်းပွဲများကျင်းပခြင်း၊ စကားဝိုင်းဆွေးနွေးပွဲများနှင့် အသိပညာပေးမှုဆွေးနွေးပွဲများကျင်းပခြင်း၊ လေ့ကျင့်ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ အခါအားလျော်စွာကျင်းပခြင်း၊ ပြည်တွင်း၊ ပြည်ပ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ စေလွှတ်ခြင်း၊ တက်ရောက်ခြင်း၊ အသင်းဝင်အဆိုပြုလွှာများလက်ခံခြင်း၊ တိုင်ကြားစာများ လက်ခံစိစစ်ခြင်း၊ အရေးယူဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို မိမိတို့ ဌာနကြီးများအလိုက်၊ လုပ်ငန်းအဖွဲ့များအလိုက် ရှေ့လုပ်ငန်းစဉ်များချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက် **“အမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့”**ဟူသော ဆောင်ပုဒ်နှင့်အညီ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူကာ အမျိုးသမီးများ၏ အကျိုးကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာအမျိုးသမီးထုဘဝလုံခြုံရေးနှင့် လူနေမှုဘဝမြှင့်တင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက်ဆောင်ရွက်ပေးနေသော on-going projects များအနက် အသေးစား မတည်ရင်းနှီးငွေ (ယာယီချေးငွေ)၊ Micro Credit Scheme လုပ်ငန်းမှာ ထူးခြားသော အစီအစဉ်တစ်ရပ်ဖြစ်ပြီး အိမ်ထောင်စုများ၏ စီးပွားရေးမဏ္ဍိုင်ကြံ့ခိုင်စေရန်၊ တိုးတက်အောင်မြင်စေရန်၊ အောက်ခြေအဆင့်တွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြစေရန် လုပ်ဆောင်ပေးနိုင်ခဲ့ပါသည်။ အဆိုပါ Micro Credit Scheme လုပ်ငန်းမှာ ဆင်းရဲနွမ်းပါးသော အမျိုးသမီးများ၏ မိသားစု ဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နိုင်လာရန်ရည်ရွယ်ပြီး ပြည်နယ်နှင့်တိုင်းအသီးသီးတွင် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ပေးနေကြောင်းကို လေ့လာတွေ့ရှိနိုင်ပါသည်။ အမျိုးသမီးများအတွက် ဖွင့်လှစ်သင်တန်းပေးနေသော သင်တန်းများအတွက် Women Leadership Development,Entrepreneurship Development, Computer and Internet Courses, Basic Accounting Course, Flower Arrangement Course, Communicative English Language Course, Secretarial Practice, Basic Office Skill Course စသဖြင့် အမျိုးသမီးထု၏ လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရန် အရည်အသွေးမြင့်မားရေးသင်တန်းများကိုလည်း အောင်မြင်စွာ ဖွင့်လှစ်ပေးနေကြောင်း တွေ့ရှိနိုင်ပါသည်။

အဖွဲ့ဝင်တစ်ဦး

မြန်မာအမျိုးသမီးထု၏ဦးရေသည် မြန်မာနိုင်ငံလူဦးရေ၏ ၅၀ရာခိုင်နှုန်းကျော် ရှိသည့်အတွက် ကြီးမားသောအမျိုးသားရေးစွမ်းအားစုကြီးဖြစ်သည်နှင့်အညီ အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည်လည်း နိုင်ငံတော်၏ အမာခံအင်အားစုများ ဖြစ်ကြပါသည်။ အမျိုးသမီးရေးရာအဖွဲ့ဝင်အဖြစ် စည်းရုံးရာတွင်လည်း အဖွဲ့ချုပ်သည် အရေအတွက်တိုးတက်လာမှုကို အဓိကမထားဘဲ အရည်အသွေး မြင့်မားတိုးတက်လာမှုကိုသာ အဓိကထား ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့်လည်း အဖွဲ့ဝင်အဖြစ် လူမှုရေးလုပ်ငန်းများတွင် စိတ်ပါဝင်စားသူများ၊ လူမှုအဖွဲ့အစည်းများနှင့် လူများစုအပေါ်တွင် ဩဇာတိက္ကမရှိကြသူများ၊ တရားဝင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေကြသူများ၊ ကြည်ညို လေးစားမှု ခံရသူများနှင့် ချစ်ခင်မှုရရှိကြသူများကဲ့သို့ အရည်အချင်းရှိသူများကိုပိုမိုပါဝင်လာကြရန် လိုအပ်ပါသည်။ စည်းရုံးဆောင်ရွက်ရာတွင်လည်း မိမိနိုင်ငံနှင့် လူမျိုးအပေါ် သဘောထားအမြင်မှန်ကန်ကြသူများ အဖွဲ့ဝင်အဖြစ် ပိုမိုတိုးလာစေရန်လည်း ရည်ရွယ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေး ကွန်ဗင်းရှင်း(Convention on the Elimination of All Forms of Discrimination Against Women-CEDAW) ကိုလည်း ၁၉၉၇ခုနှစ်ကပင် ပါဝင်ချုပ်ဆိုခဲ့ပြီး Beijing Declarationနှင့်အညီ အမျိုးသားအဆင့်ယန္တရားများ ဖွဲ့စည်းပေးကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ပါဝင်ချုပ်ဆိုခဲ့သော ကွန်ဗင်းရှင်းများ၏ သတ်မှတ်ချက်အရ ပေးပို့ရမည့် အစီရင်ခံစာများကိုလည်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများကို လေးစားလိုက်နာဆောင်ရွက်ခြင်းတို့ဖြင့် မြန်မာနိုင်ငံ၏ လေးစားလိုက်နာမှု၊ တာဝန်သိမှု၊ တက်ကြွမှုနှင့်စိတ်ဝင်စားမှုတို့ကို ပေါ်လွင်စေကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့်ပင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းအချို့၏ တစ်ဖက်သတ် စွပ်စွဲချက်များအပေါ် ကန့်ကွက်သည့် ထုတ်ပြန်ကြေညာချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခြင်းဖြင့် တုံ့ပြန်နိုင်ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ (International Women's Day) အခမ်းအနားများကိုလည်း နှစ်စဉ်ကျင်းပပေးခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် အာဆီယံအမျိုးသမီးရေးရာကော်မတီ၏ Focal Point အဖြစ်လည်း ဆောင်ရွက်နေပါသည်။ ထို့ကြောင့် အာဆီယံအမျိုးသမီးရေးရာကော်မတီ အစည်းအဝေးများသို့ မြန်မာအမျိုးသမီး ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခြင်း၊ ဆက်စပ်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စီမံကိန်းများတွင် ပါဝင်ခြင်းများကို ဆောင်ရွက်နေသည့်အပြင် (၂၀၀၄ ခုနှစ် နိုဝင်ဘာလ၂၉ရက်မှ ဒီဇင်ဘာ ၁ရက်နေ့အထိ) ကျင်းပခဲ့သော 3rd ASEAN Committee on Women Meetingကိုအိမ်ရှင်နိုင်ငံအဖြစ်အောင်မြင်စွာ လက်ခံဆောင်ရွက်ပေးခဲ့ပါသည်။

ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်များ (Millennium Development Goals - MDG) ကို ဆောင်ရွက်ရာတွင်လည်း အမျိုးသမီးများ၏ကဏ္ဍကို စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးစေရေး၊ ကာကွယ်စောင့်ရှောက်မှု လိုအပ်သော အခြေအနေရှိသည့် အမျိုးသမီးများ၏ လိုအပ်ချက်နှင့် အခွင့်အရေးကို အလေးပေးဖြည့်ဆည်းပေးရေး၊ ကျား/မ မျှတသည့်ပင်မရေစီးကြောင်း မဟာဗျူဟာကို အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် အမျိုးသမီးများစွမ်းရည် ပြည့်ဝရေးကို ထိရောက်စွာလုပ်ကိုင်ပေးနိုင်သော အပြည်ပြည်ဆိုင်ရာ လူ့အဖွဲ့အစည်းဖြစ်ထွန်းရေး စသည့် ရည်မှန်းချက်များကိုလည်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့နိုင်ပါသည်။

ကမ္ဘာ့တစ်ဝန်းနှင့် ဒေသဆိုင်ရာအတွင်း ခြိမ်းခြောက်နေသော လူကုန်ကူးမှု ပြဿနာကိုလည်း နိုင်ငံတော်အနေဖြင့် အလေးထား ဂရုတစိုက်ဆောင်ရွက်နေသည်ဖြစ်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့်လည်း အဖွဲ့ချုပ်၏ ရည်ရွယ်ချက်(၇)ချက်တွင် ထည့်သွင်းထားသည့်အတိုင်း လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို National Plan of Action နှင့်အညီ အဓိကလုပ်ငန်းစဉ်ကြီး လေးခုဖြစ်သည့် ကြိုတင်ကာကွယ်ရေးလုပ်ငန်း (Prevention)၊ ဥပဒေအရ အရေးယူရေးလုပ်ငန်း (Prosecution)၊ အကာအကွယ်ပေးရေးလုပ်ငန်း (Protection)၊ ပြန်လည် ထူထောင်ရေး လုပ်ငန်း (Rehabilitation and Reintegration) စသည့် လုပ်ငန်းများကို အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်က အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည်ကိုလည်း လေ့လာတွေ့ရှိနိုင်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အခြေခံစည်းမျဉ်းအရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပလေ့ရှိပြီး အဆိုပါအစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ နှစ်ချုပ်တင်သွင်းခြင်း၊ ဌာနကြီးများနှင့်လုပ်ငန်းအဖွဲ့များက တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များတင်ပြခြင်း၊ပြည်နယ်/တိုင်းအမျိုးသမီးရေးရာအဖွဲ့များက တစ်နှစ်တာဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်းအစီရင်ခံစာ နှစ်ချုပ်တင်ပြခြင်း၊ အဆိုပါအစီရင်ခံစာ တင်ပြချက်များအပေါ် ခြုံငုံသုံးသပ်ခြင်း၊ ဆုံးဖြတ်ချက်များ ဆွေးနွေးအတည်ပြုခြင်း၊ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အခြေခံရမည့် လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ နှစ်ပတ်လည်အစည်းအဝေးများ ကျင်းပပေးခြင်းအားဖြင့် ပြည်နယ်/တိုင်းများတွင် အမျိုးသမီးရေးရာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြနိုင်ခြင်း၊ တစ်နှစ်တာဆောင်ရွက်ချက်များကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်း အတွေ့အကြုံဖလှယ်နိုင်ခြင်း၊ အခက်အခဲများ ဖြေရှင်းရန်နည်းလမ်းကောင်းများ၊ အကြံပြုချက်များ ဖလှယ်နိုင်ခြင်း စသော အကျိုးကျေးဇူးများလည်း ရရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။

နှစ်စဉ် ဇူလိုင်လ(၃)ရက်နေ့တွင် ကျရောက်သည့်“မြန်မာအမျိုးသမီးများနေ့”ကိုကျင်းပလေ့ရှိပုံမှာ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပသော အကြိုလှုပ်ရှားဆောင်ရွက်မှုများအနေဖြင့် စာတမ်းဖတ်ပွဲ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ များကျင်းပခြင်း၊တေးသီချင်းများထုတ်လွှင့်ခြင်း၊ဆောင်းပါးများရေးသားခြင်း၊ ဓာတ်ပုံပြိုင်ပွဲများ၊ ဆောင်းပါးပြိုင်ပွဲများကျင်းပခြင်း၊ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာများစိုက်ထူခြင်းများကို ဆောင်ရွက်လေ့ရှိပြီး “မြန်မာအမျိုးသမီးများနေ့”အခမ်းအနားတွင်မူ နယ်ပယ်ကဏ္ဍအသီးသီးတွင် ထူးချွန်သော မြန်မာအမျိုးသမီးများအား ဆုများချီးမြှင့်ခြင်းကိုပါ ဆောင်ရွက်ပေးလေ့ရှိပါသည်။

အချုပ်ဆိုရသော် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အဖြစ် ရပ်တည် ဆောင်ရွက်လာခဲ့သည်မှာ ငါးနှစ်တာမျှသာ ရှိသော်လည်းအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းကြီးတစ်ခုအဖြစ် မားမားမတ်မတ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်စွမ်းရှိလာသည်မှာ ပြည်နယ်/တိုင်းအလိုက် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အလိုက် အညွှန်းကိန်းများအရသာမကဘဲ၊ မှန်ကန်သော အသိစိတ်ဓာတ်၊ ခံယူချက်များနှင့် ခိုင်မာစွာရပ်တည်ဆောင်ရွက်လာခဲ့သော လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ဟန်ချက်ညီညီ နိုင်ငံတော်အတွက် ပံ့ပိုးဆောင်ရွက်နေမှုများက သက်သေတည်နေကြကြောင်း တွေ့ရှိရပေမည်။ ။

မြဝတီရုပ်မြင်သံကြား

၂၉-၆-၂၀၀၈
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ် ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၀	၆။	အမျိုးသားရေးတေးကဗျာ
၄း၃၅	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၄း၅၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၉။	သံစဉ်များနဲ့ကမ္ဘာ
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၃။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူ့ရဲကောင်း** (အပိုင်း -၈၂)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ပဟေဠိနန်းတော်
	၂၀။	ကျန်းမာသုတ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှင်းတောင်သူ့ရဲကောင်း** (အပိုင်း-၄)

တောင်ငူနှင့် အုတ်တွင်းမြို့နယ်၌ လယ်မြေဧက တစ်သိန်းခန့် ဆည်ရေပေးဝေနိုင်သည့် ခပေါင်းရေလှောင်ဆည် ဖွင့်လှစ်

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း ခပေါင်းရေလှောင်ဆည်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (လယ်/ဆည်)

နေပြည်တော် ဇွန် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅)က ပဲခူးတိုင်း တောင်ငူခရိုင် အုတ်တွင်းမြို့နယ်၌ တည်ဆောက်ပြီးစီးသွားသော ခပေါင်းရေလှောင်ဆည်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် အဆိုပါရေလှောင်ဆည်အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ တိုင်း၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအပါအဝင် လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ တောင်သူလယ်သမားများနှင့် ပြည်သူလူထု စုစုပေါင်းအင်အား ၃၀၀၀ကျော်တို့ တက်ရောက်ကြသည်။

အောင်မြင်စွာဖွင့်လှစ်

ရှေးဦးစွာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းက အမှာစကားပြောကြားရာတွင် ၂၀၀၈ခုနှစ် မတ် ၂၃ရက်တွင် ခပေါင်းရေလှောင်တမံနှင့် ရေအားလျှပ်စစ်စက်ရုံတို့ကို အောင်မြင်စွာဖွင့်လှစ်ခဲ့ပြီး ခပေါင်းရေလှောင်တမံအတွင်း၌ သိုလှောင်ထားသည့် ရေကို အသုံးပြုကာ နေ့စဉ်လျှပ်စစ်ဓာတ်အား ၁၇မဂ္ဂါဝပ်မှ ၂၅မဂ္ဂါဝပ်အထိ ထုတ်လွှတ်ပေးနေပြီဖြစ်ကြောင်း၊

အဆိုပါ လျှပ်စစ်ထုတ်လုပ်မှုအတွက် အသုံးပြုသောရေများကို ခပေါင်းချောင်းတစ်လျှောက်စီးဆင်းစေပြီး စုစည်းကာ လက်ဝဲ၊ လက်ယာတူးမြောင်းများမှတစ်ဆင့် လယ်မြေများကို ရေပေးဝေနိုင်ရေးအတွက် ယခုရေလွှဲဆည်ကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုရေလွှဲဆည်ကြီးလည်း တည်ဆောက်ပြီးစီးပြီဖြစ်၍ လာမည့်ပွင့်လင်းရာသီတွင် နွေစပါး ဧက ၁၀၀၀၀ခန့်ကို ရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း။

အထောက်အကူပြု

ပဲခူးတိုင်း၌ မိုးစပါးဧက သိန်း ၃၀ကို ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နွေစပါးဧကလေးသိန်းထက်ကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် ဤရေလွှဲဆည်ကြီးသည် မလွဲဧကန် အထောက်အကူပြုတော့မည် ဖြစ်ကြောင်း၊ တူးမြောင်းစနစ်များဆက်လက်တည်ဆောက်ရင်းနှင့် တစ်နှစ်ထက်တစ်နှစ် နွေစပါးဧက တိုးတက်စိုက်ပျိုးနိုင်မည်ဖြစ်ပြီး မကြာမီနှစ်အတွင်း ဤဒေသ၌ နွေစပါးဧက ၄၁၀၀၀၀ အထိ စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံရှိ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ စိုက်ပျိုးဧကများ သဘာဝဘေးအန္တရာယ်ကြောင့် လျော့နည်းလာသည့် အချိန်တွင် မိမိတို့ ပဲခူးတိုင်းအနေဖြင့် မိုးစပါးတစ်ဧက အထွက်နှုန်းတိုးတက်ရေးနှင့် နွေစပါးဧက တိုးချဲ့စိုက်ပျိုးရေးကို ဦးတည်ဆောင်ရွက်နေကြောင်း၊ ယခု ခပေါင်းရေလွှဲဆည်ကြီး ပြီးစီးပြီဖြစ်၍ ဤဒေသ၌ နွေစပါးဧက မလွဲဧကန် တိုးတက်စိုက်ပျိုးနိုင်တော့မည်ဖြစ်သည့်အတွက် မိုးစပါးကိုအချိန်မီစိုက်ပျိုးပြီးစီးရေး၊ ဒုတိယသီးနှံ ပဲမျိုးစုံ ဆက်တိုက်စိုက်ပျိုးရေးနှင့် တတိယသီးနှံ နွေစပါးစိုက်ပျိုးနိုင်ရေးတို့ကို ဦးတည်ချက်ထားပြီး ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူလယ်သမားကြီးများက အစီအမံကောင်းကောင်းဖြင့် အချိန်မီ၊ ရာသီမီ အချိန်ကိုက် စိုက်ပျိုးလုပ်ကိုင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

စီမံဆောင်ရွက်

ပဲခူးတိုင်းသည် မြန်မာ့လယ်ယာ စီးပွားရေးတွင် အဓိကကျသည့် သီးနှံများဖြစ်သော ဆန်စပါး၊ ပဲမျိုးစုံ၊ ဝါ၊ ကြံ၊ ဆီထွက်သီးနှံများ အဓိကထုတ်လုပ်ပေးနေသည့် တိုင်းကြီးတစ်ခုဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုတွင် အရေးပါသော ဒေသတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေရရှိရေးအတွက် ဆည်မြောင်းစီမံကိန်းများကို နိုင်ငံတော်က ဆက်တိုက် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုဖွင့်လှစ်လိုက်သည့် ခပေါင်းရေလွှဲဆည်သည် နိုင်ငံတော်၏ ၂၁၂ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ပြီး ပဲခူးတိုင်း၏ ၄၆ခုမြောက် စီမံကိန်းဖြစ်ကြောင်း၊ ယင်းကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်က တည်ဆောက်ပြီးစီးခဲ့သည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများ၊ ရေလွှဲဆည်များအနက် ပဲခူးတိုင်း၌ ၂၂ရာခိုင်နှုန်း တည်ဆောက်ပေးခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

လယ်ယာကဏ္ဍ

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ထွေးဦးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံသည် စိုက်ပျိုးနိုင်သည့် ရေ၊ မြေ၊ ရာသီဥတု အခြေအနေကောင်းများရှိသော နိုင်ငံဖြစ်ကြောင်း၊ လယ်ယာကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးတွင် အချိုးအစားအဖြစ် ၃၇ရာခိုင်နှုန်းပါဝင်ပြီး ပို့ကုန်တန်ဖိုး၏ ၁၃ဒသမ၃ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ နိုင်ငံလူဦးရေ ၅၆သန်းကျော်တွင် အလုပ်လုပ်ကိုင်သူဦးရေသည် ၂၂ဒသမ၄၃သန်းရှိပြီး အလုပ်လုပ်ကိုင်သူ ဦးရေ၏ ၆၁ဒသမ၃ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍ၌ လုပ်ကိုင်အသက်မွေးကြသူများဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ရာတွင် မြေယာသစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧက၏အထွက်နှုန်းများ တိုးတက်ရရှိရေး၊သီးနှံစိုက်စွမ်းအားများ တိုးတက်မြင့်မားလာရေး၊ လေလွင့်ဆုံးရှုံးမှု နည်းပါးရေးစသည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးသည့်တောင်သူများ၏ စီးပွားရေးတိုးတက်မြင့်မားစေရန်အတွက် အထွက်နှုန်းကောင်းပြီး အရည်အသွေးမြင့်မားသော ဈေးကွက်ဝင်သည့်သီးနှံမျိုးသစ်များပြောင်းလဲပေးနိုင်ရေးအတွက်လည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

မြင့်မားတိုးတက်

နိုင်ငံတော်၏ ဓနအင်အားအပေါ် မူတည်ပြီး ဘက်စုံရေလှောင်တမံ စီမံကိန်းများ အပါအဝင် ရေရရှိရေးနှင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် မြေအောက်ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးသည့်အတွက် ကျေးလက်ဒေသများ၌ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရေးနှင့်အတူ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှု၊ ကျန်းမာရေးအဆင့်အတန်းမြင့်မားတိုးတက်လာမှုစသည့် အကျိုးတရားများကို ရရှိခံစားနေရပြီဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ ရေသွင်းစိုက်ပျိုးနိုင်မှုအနေဖြင့် ၁၉၈၈-၈၉ ခုနှစ်က ရေသွင်းစိုက်ဧရိယာဧက ၂ဒသမ ၅ သန်းသာရှိခဲ့ရာမှ ယခုဧက ၅ဒသမ ၆သန်းကျော်အထိ နှစ်ဆကျော်တိုးတက်လာခဲ့ပြီး နိုင်ငံ၌ရှိသည့် သီးနှံအသားတင် စိုက်ဧရိယာဧက ၂၈သန်းကျော်၏ ၁၇ ဒသမ ၂ရာခိုင်နှုန်းအထိ ရေပေးဝေနိုင်ပြီဖြစ်ကြောင်း၊ တည်ဆောက်ပြီးစီးခဲ့သည့် ဆည်ရေလှောင်တမံ စီမံကိန်းများက လယ်ယာမြေများ ရေသွင်းစိုက်ပျိုးနိုင်မှုကို တိုးတက်လာစေသကဲ့သို့ ရေထိန်းတံခါးစီမံကိန်းကြီး ၂၁ခုကြောင့် လယ်ယာမြေဧက ၃ဒသမ၆သန်းကျော်ကို ထိန်းသိမ်းကာကွယ်ပေးနိုင်ပြီဖြစ်ကြောင်း၊ ယခင်က မရှိခဲ့သည့် မြစ်ရေတင်စီမံကိန်း ၃၀၅ ခုက လယ်ယာမြေဧက ၄ ဒသမ ၆ သိန်းကို အကျိုးပြုနေပြီဖြစ်သကဲ့သို့ မြေအောက်ရေလုပ်ငန်း ၇၅၇၈ခုကလည်း သီးနှံစိုက်ပျိုးမှုအတွက် အထောက်အကူပြုနေပြီဖြစ်ကြောင်း။

ပိုမိုတိုးတက်

ယင်းကဲ့သို့ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုသည်လည်း ယခင်ကထက်ပိုမိုတိုးတက်လာပြီဖြစ်ကြောင်း၊ အဓိကသီးနှံဖြစ်သည့် စပါးစိုက်ပျိုးထုတ်လုပ်မှုသည် ၁၉၈၈ ခုနှစ်က တင်းသန်း ၆၃၀သာရှိရာက ယခုဆိုလျှင် တင်းသန်း ၁၅၀၀ကျော် ထွက်ရှိလာပြီဖြစ်ကြောင်း။

သို့သော်လည်း ယခုနှစ်ဦးပိုင်း မေ၂ရက်နှင့် ၃ ရက်တို့တွင် မြန်မာနိုင်ငံအတွင်း တိုက်ခတ်ခဲ့သည့် လေမုန်တိုင်းဒဏ်ကြောင့် ဆန်စပါးအဓိက စိုက်ပျိုးထုတ်လုပ်သည့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ဒေသအချို့၌ အသက်အိုးအိမ် ဆုံးရှုံးမှုများနှင့်အတူ လယ်ယာမြေဧကများ ရေလွှမ်းမိုးထိခိုက်ခံခဲ့ရကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ရိတ်သိမ်းသိုလှောင်ထားသည့် မိုးစပါးများ၊ ရိတ်သိမ်းဆဲ နွေစပါးများနှင့် မရိတ်သိမ်းရသေးသည့် နွေစပါးများ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ မည်သို့ပင်သဘာဝဘေးအန္တရာယ်နှင့် ကျရောက်ခံစားခဲ့ကြရသော်လည်း အရေးကြုံလျှင် သက်လုံကောင်းသော မြန်မာတိုင်းရင်းသားများ၏ အားမာန်ဖြင့် ထိခိုက်မှုရှိသည့် လယ်မြေများကို ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စစ်မှန်သောစေတနာဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးမှု၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးဦးဆောင်သည့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ အားဖြည့်ကူညီမှုများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စဉ်တိုက်ဆက်တိုက်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

မုန်တိုင်းဒဏ်ခံရသည့် နယ်မြေများက တိုင်းရင်းသားပြည်သူများအနေဖြင့် ကြံ့ကြံ့ခိုင်သည့် စိတ်ဓာတ်နှင့် ကြိုးပမ်းနေကြသကဲ့သို့ မုန်တိုင်းဒဏ်မခံရသော နယ်မြေများက တောင်သူများအနေဖြင့်လည်း မိမိတို့၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး၊ စားနပ်ရိက္ခာ ပိုမိုဖူလုံပို လျှံရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

သီးနှံစိုက်စွမ်းအား

ယခု ခပေါင်းရေလှောင်တမံ၏ **ဆည်ရေသောက်ဒေသများဖြစ်သည့် တောင်ငူနှင့် အုတ်တွင်း နှစ်မြို့နယ်က ကျေးရွာအုပ်စု (၆၁)စု၏ လယ်မြေဧက တစ်သိန်းတွင် မိုးစပါးဧက ၉၈၄၀၀စိုက်ပြီး ကြံသီးနှံဧက ၈၃၀နှင့်ဥယျာဉ်ခြံဧက၇၉၀ပါဝင်ကြောင်း၊ ဒုတိယသီးနှံများအဖြစ် နွေစပါးဧက ၆၄၀၀ နှင့် ပဲမျိုးစုံဧက ၃၅၀၀၀၊ ဆီထွက်သီးနှံဧက ၃၂၀၀၊စုစုပေါင်းသီးထပ်ဧက ၄၄၆၀၀ စိုက်ပျိုးမှုရှိသည့်အတွက် သီးနှံစိုက်စွမ်းအားသည် ၁၄၅ရာခိုင်နှုန်းရှိကြောင်း၊ ယခု ရေလွှဲဆည် တည်ဆောက်ပြီးစီးသွားသည့်အတွက် မိုးစပါးအပြီး နွေစပါးကို ဧက ၉၈၄၀၀ အထိ စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး သီးနှံစိုက်စွမ်းအား ၁၉၈ရာခိုင်နှုန်းအထိ တိုးတက်ရရှိတော့မည်** ဖြစ်ကြောင်း။

ဤခပေါင်းရေလွှဲဆည်ကို ဒေသခံ တောင်သူများနှင့် ပြည်သူများ၏ အကျိုးစီးပွား တိုးတက်ခံစားရအောင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများ ကိုယ်စား အုတ်တွင်းမြို့နယ်မှ ဦးသန်းထိုက်က ခပေါင်းရေလွှဲဆည်ကို တည်ဆောက်ပေးခြင်းကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်းက ခပေါင်းရေလွှဲဆည်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်များက ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ခပေါင်းရေလွှဲဆည်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီး တို့သည် ခပေါင်းရေလွှဲဆည်၏ ရေပေးမြောင်းနှင့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး ဦးမြင့်သန်းက ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းပြပုံဖြင့် ရေလွှဲဆည်တည်ဆောက်ခဲ့မှုလုပ်ငန်းများ၊ ဆည်ရေသောက်စနစ်တို့ကို မှတ်တမ်းတင် ပါဝါပွိုင့်ဖြင့်ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်ကဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ဝန်ထမ်းများနှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များအား တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ဆည်ရေပေးဝေရေးတို့ကို မှာကြားကြကာ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးကြသည်။

ခပေါင်းရေလွှဲဆည်သည် ဖွင့်လှစ်ပြီး ခပေါင်းရေလှောင်တမံ၏ အောက်ဘက် ၅ မိုင်အကွာ၌တည်ရှိပြီး ရေလွှဲဆည်မှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်ကာ အမြင့် ၂၅ပေ၊ အကျယ် ပေ၁၅၀ရှိသည်။ ရေထိန်းတံခါးမှာ ယာဘက်ကမ်း၌ ၅ပေအကျယ်၊ ၆ပေ ၃လက်မအမြင့်သုံးပေါက်နှင့် ဝဲဘက်ကမ်း၌ ၅ပေအကျယ်၊ ၆ပေ၃လက်မ အမြင့် နှစ်ပေါက်ပါရှိပြီး သဲထုတ်ရေတံခါးမှာ ယာဘက်ကမ်း၌ ၄ပေအကျယ်၊ ၆ပေ ၆လက်မအမြင့် နှစ်ပေါက်ပါရှိသည်။ လက်ယာတူးမြောင်းမကြီး၏ အလျားမှာ ၁၄ဒသမ ၄၀မိုင်၊ လက်ဝဲတူးမြောင်းမကြီး၏ အလျားမှာ ၁၅ဒသမ၅၀မိုင်ဖြစ်၍ တူးမြောင်းမကြီးသည် စုစုပေါင်းအလျား ၂၉ဒသမ ၉၀မိုင်ရှိသည်။

လက်တံမြောင်းများအနက် လက်ယာမြောင်းမှာ အလျား၃၆ဒသမ၃၃မိုင်၊ လက်ဝဲမြောင်းမှာ အလျား၂၄ဒသမ၅၀မိုင် စုစုပေါင်း ၆၀ဒသမ၈၃မိုင်ရှိပြီး ဆည်ရေပေးနိုင်သည့်ဧကမှာ တောင်ငူမြို့နယ်၌ဧကလေးသောင်းနှင့် အုတ်တွင်းမြို့နယ်၌ဧကခြောက်သောင်း စုစုပေါင်း ဧကတစ်သိန်းဖြစ်ကြောင်း သိရှိရသည်။ ခပေါင်းရေလွှဲဆည်သည် နိုင်ငံတော်၏ ၂၁၂ ခုမြောက် ဆည်ဖြစ်ပြီး ပဲခူးတိုင်း၏ ၄၆ ခုမြောက်ဖြစ်သည်။

ခပေါင်းရေလွှဲဆည်ကို ဖွင့်လှစ်နိုင်ခဲ့သဖြင့် နွေစပါးဧက ၁၀၀၀၀ခန့်ကို ရေပေးဝေနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်းရှိ ဖွင့်လှစ်ရန် ကျန်ရှိနေသေးသော အခြေခံပညာကျောင်းများ၏အဆင့်ကို ယခင်ထက်မြှင့်တင်ပေးထား ဇွန်လကုန်တွင် ကျောင်းအားလုံးဖွင့်လှစ်ပြီး ကျောင်းသုံးစာအုပ်များပါ ဖြန့်ဝေပေးမည်

နေပြည်တော် ဇွန် ၂၈

ဧရာဝတီတိုင်းအတွင်းရှိ ကျောင်းအများစုမှာ ဇွန်လကျောင်းဖွင့်ရာသီတွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ရာ ကျောင်းအနည်းငယ်သာ ဖွင့်လှစ်ရန်ကျန်ရှိသည်။

ထုတ်ဝေဖြန့်ချိ

အဆိုပါ ဖွင့်လှစ်ရန်ကျန်ရှိနေသေးသော အခြေခံပညာကျောင်းများ၏အဆင့်ကို ယခင်ထက်မြှင့်တင်ပြီးဖြစ်သဖြင့် ယခုဇွန်လကုန်တွင် ကျောင်းအားလုံး ပြန်လည်ဖွင့်လှစ်တော့မည့်အပြင် ကျောင်းသုံးစာအုပ်များကိုလည်း အချိန်မီထုတ်ဝေဖြန့်ချိပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်မြေဧကတစ်သိန်း ရေပေးဝေနိုင်မည့် အုတ်တွင်းမြို့နယ်က ခပေါင်းရေလှောင်ဆည်

ရန်ကုန် ဇွန် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံသည် သယံဇာတပေါကြွယ်ဝသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ ပေါများကြွယ်ဝသည့် သယံဇာတများကို ဖော်ထုတ်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို သက်ဆိုင်ရာဌာန အသီးသီးတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန အနေဖြင့်လည်း ရေသယံဇာတများကို ဖော်ထုတ်ပြီး စိုက်ပျိုးရေး အထွက်တိုးမှုကို ရှေးရှုကြိုးပမ်းလျက်ရှိသည်။

အထူးသဖြင့် မိုးအခါတွင် မိုးများပြီး နွေအခါတွင်ရေရှားပါးမှုမရှိစေရန်တာတမံများတည်ဆောက်ခြင်း၊ရေထိန်းတံခါးများ တည်ဆောက်ခြင်း၊ဆည်မှရေအားလျှပ်စစ်ထုတ်နိုင်အောင် ဆောင်ရွက်ပြီး ထွက်လာသောရေများကို အလဟဿမဖြစ်စေဘဲ ရေလှောင်ဆည်များတည်ဆောက်၍ တူးမြောင်းများမှတစ်ဆင့် စိုက်ပျိုးရေပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ခပေါင်း ရေလှောင်ဆည်ရကြောင့် နှစ်သီးစား လယ်မြေတွေဟာ သုံးသီးစားလယ်မြေတွေဖြစ်လာပါတော့မယ်။
ဦးမြင့်သန်း
ညွှန်ကြားရေးမှူး
တည်ဆောက်ရေး(၅)။

ဆက်လက်တည်ဆောက်ခဲ့

ပဲခူးတိုင်း အုတ်တွင်းမြို့နယ်တွင် ခပေါင်းရေလှောင်တမံကို မတ် ၂၃ရက်က ဖွင့်လှစ်ခဲ့သည်။ ခပေါင်းရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားထုတ်ပေးပြီး ထွက်လာသောရေများကို အလဟဿ မဖြစ်စေရန် ခပေါင်းရေလှောင်ဆည်ကို ဆက်လက် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

ကွင်းဆင်းရောက်ရှိ

ခပေါင်းရေလှောင်ဆည်နှင့် ပတ်သက်၍ အကျိုးပြုမှုများသိရှိနိုင်ရန် ခပေါင်းရေလှောင်ဆည် တည်ဆောက်ထားသည့် အုတ်တွင်းမြို့နယ် ရွှေလောင်းကျေးရွာ အနီးရှိ ခပေါင်းရေလှောင်ဆည်သို့ ကွင်းဆင်းသွားရောက်ရာ ခပေါင်းရေလှောင်ဆည်တွင် တည်ဆောက်ရေး(၅)မှ ညွှန်ကြားရေးမှူးဦးမြင့်သန်း လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဗိုလ်တို့နှင့် တွေ့ဆုံပြီး သိလိုသမျှကို မေးမြန်းခဲ့သည်။

မြန်မာ့အလင်းသတင်းအဖွဲ့သည် ခပေါင်းရေလှောင်ဆည်သို့ ရောက်လျှင် ခပေါင်း ရေလှောင်ဆည်အကောင်အထည် ဖော်ရာတွင် ဦးဆောင်ခဲ့သော အမှတ်(၅) တည်ဆောက်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမြင့်သန်းအား တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာ့အလင်း။ ။ဦးမြင့်သန်း ခင်ဗျာ၊ ခပေါင်းရေလှောင် ဆည်တည်ဆောက်ရခြင်းရဲ့ ရည်ရွယ်ချက်ကို သိပါရစေ။

ဦးမြင့်သန်း။ ။ယခုနှစ် မတ်၂၃ရက်မှာ ခပေါင်းရေလှောင်တမံနှင့် ရေအားလျှပ်စစ်စက်ရုံကို အောင်မြင်စွာ ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ ခပေါင်းရေလှောင်တမံအတွင်းမှာ သိုလှောင်ထားတဲ့ရေကို နေ့စဉ်ရေအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေပြီ ဖြစ်ပါတယ်။ ထုတ်လုပ်ပေးနေတဲ့ ရေအားလျှပ်စစ်ဓာတ်အားက သုံးပြီးတဲ့ရေတွေဟာ ခပေါင်းချောင်း တစ်လျှောက်မှာ စီးဆင်းလာပါတယ်။ စီးဆင်းလာတဲ့ ရေတွေကို ရေလှောင်ဆည်ကြီး တည်ဆောက်ပြီး ရေတွေကို ထိန်းပြီးတော့ လက်ဝဲလက်ယာ တူးမြောင်းများမှ တစ်ဆင့် စိုက်ပျိုးရေပေးဝေဖို့အတွက် ရေလှောင်ဆည်ကြီးကို တည်ဆောက်တာ ဖြစ်ပါတယ်။

"လက်ဝဲမြောင်းက ဧက၄၀၀၀၀၊ လက်ယာမြောင်းက ဧက ၆၀၀၀၀ စုစုပေါင်း ဧက တစ်သိန်းကို ရေပေးဝေနိုင်ဖို့အတွက် ရေလှောင်ဆည်ကြီးကို တည်ဆောက်တာ ဖြစ်ပါတယ်။ ခုဆိုရင် ရေလှောင်ဆည်ကြီး ပြီးစီးပြီဖြစ်တဲ့အတွက် လက်ဝဲမြောင်း၊ လက်ယာမြောင်းများမှ တစ်ဆင့်လာမည့် နွေရာသီမှာ နွေစပါးဧကတစ်သောင်းကို ရေပေးဝေနိုင်ရေးအတွက် စက်အင်အား၊ လူအင်အားတွေနှင့် ကြိုးစားဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ လေဘေးသင့်ကာလတုန်းက ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းမှာ လယ်ဧကအချို့ ပျက်စီးခဲ့ရတယ်၊ ဆားငန်ရေဖုံးလွှမ်း သွားခဲ့တယ်။ ဒီအချိန်မှာ **ခပေါင်းရေလှောင်ဆည်ကြီး ပြီးစီးသွားပြီဖြစ်တဲ့အတွက် ပဲခူးတိုင်းအနေနှင့် နွေစပါးဧကကို ပိုမို စိုက်ပျိုးမယ်၊ သီးနှံအထွက်တိုးအောင် ဆောင်ရွက်မယ်ဆိုတဲ့ လူကြီးများရဲ့ အစီအမံကို အကောင်အထည်ဖော်နိုင်ပြီ ဖြစ်ပါတယ်။ တူးမြောင်းများကတစ်ဆင့် ဧကတစ်သိန်းကို ရေပေးဝေနိုင်တော့မှာ ဖြစ်ပါတယ်။** ဒေသခံလယ်သမားတွေဟာ မိုးတွင်းမှာ ရေကို မပူမပင်ရပေမယ်လို့ နွေအခါမှာ နွေ စပါးအတွက် ရေအလွန်အခက်အခဲရှိတဲ့ ဒေသဖြစ်ပါတယ်။ အခုဆို ရေလှောင်ဆည်ကြီးလည်း ပြီးပြီ၊ တူးမြောင်းများလည်း အချိန်မီပြီးစီးပြီဖြစ်လို့ ဒီဒေသမှာရှိတဲ့ တောင်သူလယ်သမားကြီးများဟာ ပျိုးထောင်ရေ၊ စိုက်ပျိုးရေ၊ အောင်ရေကအစ မပူမပင် စွန့်စားမှု မပြုလုပ်ရဘဲ၊ စိုက်ပျိုးနိုင်မှာဖြစ်တဲ့အတွက် တစ်ဧကရဲ့ အထွက်နှုန်းကတွေ တိုးချဲ့ပြီးတော့ နှစ်သီးစားလယ်မြေတွေဟာ သုံးသီးစားလယ်မြေတွေ ဖြစ်သွားပါမယ်။ သီးနှံတွေ အထွက်တိုးလာတဲ့အတွက် တောင်သူလယ်သမားများရဲ့ ဝင်ငွေတိုးတက်လာခြင်းနှင့်အတူ လူနေမှုအဆင့်အတန်းမြင့်မားလာမှာ ဖြစ်တဲ့အတွက် ရေလှောင်ဆည်ကြီးကို ကျွန်တော်တို့ဌာနအတွက် မဖြစ်မနေ တည်ဆောက်ပြီးတော့ ဆည်ရေသောက်စနစ်ကို ပြီးစီးအောင် ကြိုးစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။ ရေလှောင်ဆည်ကြီးလည်းပြီး မြောက်သွားပြီး လက်ဝဲမြောင်း၊ လက်ယာမြောင်းများလည်း ရာနှုန်းပြည့် ပြီးစီးသွားမယ်ဆိုရင် ဒီဒေသမှာ နွေစပါး ၄၁၀၀၀ အထိကို တိုးတက် စိုက်ပျိုးနိုင်မှာ ဖြစ်ကြောင်းကိုလည်း တင်ပြလိုပါတယ်"ဟု ပြောကြားသွားသည်။

အောက်ခြေမကောင်းတဲ့မြေတွေ ဖယ်ထုတ်ပြီး ရေစိမ့်ထွက်မသွားအောင် နိုင်ငံခြားမှ မှာယူတင်သွင်းတဲ့ သံမဏိသပ်ပြားများ၊ မျှော့တိုင်များ ရိုက်သွင်းတည်ဆောက်ထားပါတယ်။
ဦးအောင်ဗိုလ်
လက်ထောက်ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၅)။

ခပေါင်းရေလှောင်ဆည်ကြီး ပြီးစီးသွားပြီဖြစ်တဲ့အတွက် ပဲခူးတိုင်းအနေနှင့် နွေစပါးဧကကို ပိုမိုစိုက်ပျိုးမယ်၊ သီးနှံအထွက်တိုးအောင် ဆောင်ရွက်မယ်ဆိုတဲ့ လူကြီးများရဲ့ အစီအမံကို အကောင်အထည်ဖော်နိုင်ပြီ ဖြစ်ပါတယ်။

ကွင်းဆင်းလေ့လာရေးသားသူ - ကျော်စိန်
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ဆက်လက်ပြီး ရေလှောင်ဆည်ကို သတ်မှတ်ချိန်အမီပြီးစီးအောင် တာဝန်ယူဆောင်ရွက်ခဲ့သော တည်ဆောက်ရေး(၅)မှ လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ဗိုလ်အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မြန်မာ့အလင်း။ ။ဦးအောင်ဗိုလ် ခင်ဗျာ၊ အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်ခဲ့ရတဲ့ လုပ်ငန်းများကို သိပါရစေ။

ဦးအောင်ဗိုလ်။ ။"ရေလှောင်ဆည်ကို ၂၀၀၅ ခုနှစ် ဧပြီလမှာ စတင်ပြီး ဆောင်ရွက်တာ ဖြစ်ပါတယ်။ စဆောက်တဲ့ အချိန်မှာ အောက်ခြေမကောင်းတဲ့မြေတွေကို ဖယ်ထုတ်ပစ်ရပါတယ်။ ပြီးတော့ အောက်မှာ ရေစိမ့်ထွက်မသွားအောင် နိုင်ငံခြားမှ မှာယူတင်သွင်းတဲ့ သံမဏိသပ်ပြားများ၊ သစ်မျှော့တိုင်များ ရိုက်သွင်းရပါတယ်။ ဒီရေလှောင်ဆည်မှာ ပါဝင်တာကတော့ အပေါ်ပိုင်းမှာ ကွန်ကရစ်တံတားကို တည်ဆောက်ထားပါတယ်။ လယ်ယာကုန်ထုတ်လမ်းသုံးမယ်ဆိုရင်၊ ဆည်မြောင်းဥပဒေနှင့်အညီ သုံးစွဲနိုင်အောင်၊ ကွန်ကရစ်တံတားကို အခိုင်အမာ တည်ဆောက်ထားပါတယ်။ ရေလှောင်ဆည်ကို ပေ ၁၅၀ အကျယ်နှင့် အမြင့် ၂၅ပေတည်ဆောက်ထားပါတယ်။ သဲနုန်းထွက်တဲ့အပေါက်ကို လေးပေါက်ပါဝင်တည်ဆောက်ထားပါတယ်။ လက်ယာဘက်တွင် ရေပေးရန်အတွက် လက်ယာမြောင်းမကြီးကို ရေတံခါးသုံးပေါက်နှင့် ဆောက်ထားပါတယ်။

"ဒီရေလှောင်ဆည်မှာ တပ်ဆင်ထားတဲ့ လက်ဝဲ၊ လက်ယာရေပေးတံခါးများမှ တူးမြောင်းထဲကို ရေထည့်ပေးပြီး လာမည့် ပွင့်လင်းရာသီမှာ သီးနှံ ရေပေးဝေနိုင်တော့မှာ ဖြစ်ပါတယ်။ လက်ဝဲတူးမြောင်းစနစ်မှ လယ်မြေဧက ၄၀၀၀၀ နှင့် လက်ယာတူးမြောင်းစနစ်မှ ဧက၆၀၀၀၀ စုစုပေါင်း ဧကတစ်သိန်း ရေပေးဝေနိုင်မှာ ဖြစ်ပါတယ်။ တူးမြောင်းစနစ် အားလုံးပြီးစီးသွားတဲ့ အချိန်မှာ နွေစပါး၊ ကြံ၊ ပဲနောက်၊ ပဲတီစိမ်း၊ နေကြာတို့ကို စနစ်တကျ သီးထပ်များအဖြစ် ရေသွင်းစိုက်ပျိုးနိုင်ပြီး သီးနှံဝေဖြာ၊ ရပ်ရွာစိမ်းလန်းတောင်သူတွေရဲ့ ဘဝလမ်းအမြင့်မှန်းနိုင်တော့မှာဖြစ်ပါကြောင်း တင်ပြလိုပါတယ်။ ဒီဒေသမှာ မိုးများ ရေရှားဒေသဆိုပြီး လူကြီးတွေက ပြောဆိုနိုင်ပါတယ်။ ဆည်မြောင်းက တည်ဆောက်ပြီးတော့ မိုးအခါမှာ မိုးစပါးစိုက်မယ်၊ မိုးစပါးပြီးလို့ရှိရင် ကောက်ပဲသီးနှံတွေကို စိုက်ပျိုးပြီး၊ နွေစပါးစိုက်ကြမှာဖြစ်လို့ သုံးသီးစား စိုက်ပျိုးနိုင်မှာ ဖြစ်ပါတယ်"ဟု ရှင်းပြသည်။

ခပေါင်းရေလှောင်ဆည်စီမံကိန်း တည်ဆောက်ခြင်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားသဖြင့် ဒေသတွင်း လယ်မြေဧရိယာ ဧကတစ်သိန်းခန့်အား ရေပေးဝေစိုက်ပျိုးနိုင်မည့်အပြင် ဒေသခံတောင်သူတစ်ဦးချင်း ဝင်ငွေတိုးလာပြီး လူမှုစီးပွားဘဝ မြင့်မားလာမည် ဖြစ်သဖြင့် နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းလာမည် ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ခပေါင်းရေလှောင်ဆည် လက်ယာရေထိန်းတံခါးနှင့်ရေသွယ်တူးမြောင်း။

သုံးပွင့်ဆိုင်ခြေစမ်းပွဲ ဒုတိယပွဲစဉ် အပြာရောင်အသင်းက အဝါရောင်အသင်းကို အနိုင်ရ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင်

ရန်ကုန် ဇွန် ၂၈

အိန္ဒိယနိုင်ငံ၌ ကျင်းပမည့် AFC Challenge Cup ဘောလုံးပြိုင်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းအား ရွေးချယ်ဖွဲ့စည်းရေး သုံးပွင့်ဆိုင်ခြေစမ်းပွဲ ဒုတိယပွဲစဉ်ကို ယနေ့ညနေ ၃နာရီ ၄၅မိနစ်က အောင်ဆန်းကွင်းမှာ ကျင်းပခဲ့ပါတယ်။

အပြာရောင်အသင်း - သုံးဂိုး။
အဝါရောင်အသင်း - တစ်ဂိုး။

ခြေစမ်းပွဲ ပထမပွဲစဉ်မှာ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရနေခဲ့ရာမှ ဂိုးများပြန်ပေးရပြီး အရေးနိမ့်ခဲ့ရတဲ့ အဝါရောင်အသင်းဟာ ဒီနေ့ပွဲမှာလည်း ရှုံးနိမ့်ခဲ့ပြန်တာကြောင့် ရှုံးပွဲဆက်ခဲ့ရပါတယ်။ အဝါရောင်အသင်းဟာ အနီရောင်အသင်းနဲ့ ကစားခဲ့တဲ့ ပွဲထွက်စာရင်းမှ သုံးဦးလောက်သာ အပြောင်းအလဲလုပ်ခဲ့ပေမယ့် ပထမပွဲက ခြေကို မမီခဲ့ပါဘူး။

ခြေစွမ်း

လက်ရွေးစင်ဟောင်း ကျော်သူရ၊ အောင်မြင့်အေးနဲ့ ခင်မောင်ထွန်း၊ လူငယ်လက်ရွေးစင်ဟောင်းတွေဖြစ်တဲ့ ကျော်ဌေးဦး၊ ပိုင်စိုးနဲ့ လှအေးထွေးတို့အပြင် အနီရောင်အသင်းက ထပ်မံအားဖြည့်ထားတဲ့ အေးဆန်းနဲ့ ဝင်းဇော်အောင်တို့ ပါဝင်လာတဲ့ အပြာရောင်အသင်းဟာ အကောင်းဆုံးခြေစွမ်း မရရှိခဲ့ပေမယ့် အမှားနည်းနည်းနဲ့ ကစားနိုင်ခဲ့ပါတယ်။

ပထမပိုင်း

ပထမပိုင်းမှာ အဝါရောင်အသင်းက ဖိကစားနိုင်ခဲ့ပေမယ့် တိုက်စစ်ကျရင် အမှားများနေတာကြောင့် အခွင့်အရေးတွေ နစ်နာခဲ့ရပါတယ်။ ကွင်းလယ်က စိုးသီဟအောင်ရဲ့ ဘောလုံးအပေးတွေ မတိကျတာ၊ ရာဇာဝင်းသိန်းခြေမပေါ်တာ၊ ရှေ့တန်းက တင်အောင်မိုးနဲ့ ရဲဝေယံစိုးတို့ အတွဲမညီခဲ့တာတွေက အဝါအသင်းရဲ့တိုက်စစ်ကို အားပျော့စေခဲ့ပါတယ်။ ၁၀မိနစ်လောက်မှာ တင်အောင်မိုး ဂိုးရနိုင်တဲ့ အခွင့်အရေးတစ်ရပ်ကို အသုံးမချနိုင်ခဲ့ပါဘူး။ ဒါ့အပြင် တောင်ပံနှစ်ဖက်နှင့် ကွင်းလယ်က ဖန်တီးပေးတာတွေကလည်း လိုရာမရောက်ဖြစ်နေတာကြောင့် အပြာရောင်နောက်တန်း စိတ်ကြိုက်ဖျက်ထုတ်နိုင်ခဲ့ပါတယ်။ အပြာရောင်အသင်းကတော့ တောင်ပံကစားသမားတွေရဲ့ ပြေးအားကိုအားပြုပြီး တန်ပြန်တိုက်စစ်နဲ့ဖောက်ဖို့ ကြိုးစားကစားခဲ့ပါတယ်။ အပြာရောင်အသင်းဟာ ဖိကစားနိုင်ခြင်းသိပ်မရှိပေမယ့် ဂိုးရရှိနိုင်တဲ့ အခွင့်အရေးတွေရရှိခဲ့ပြီး ပွဲချိန် ၁၅မိနစ်မှာ ညာတောင်ပံက ခင်မောင်ထွန်း ဖြတ်တင်ဘောကို ပိုင်စိုးက ပိတ်သွင်းခဲ့လို့ အပြာရောင်အသင်း ဂိုးစတင်ရရှိခဲ့ပါတယ်။

အဝါရောင်တိုက်စစ်မှူး တင်အောင်မိုးနှင့် အပြာရောင်အသင်းမှ ဝင်းဇော်အောင်တို့ ဘောလုံးရရှိရေး အကြိတ်အနယ်။

ဒုတိယပိုင်း

ဒုတိယပိုင်းအစမှာတော့ နှစ်သင်းစလုံး လူစားလဲမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ အဝါရောင်အသင်းက ရဲဝေယံစိုးအစား စည်သူသန်း၊ စိုးလင်းထွန်းအစား ကျော်သီဟ၊ ရာဇာဝင်းသိန်းအစား မိုးဝင်း၊ အပြာရောင်အသင်းက အောင်မြင့်အေးအစား ဝင်းဇော်ထိုက်၊ ကျော်သူရအစား ပြည့်ဖြိုးဦး၊ လှအေးထွေးအစား အောင်ဇော်လင်းတို့ကို လဲလှယ်ကစားခဲ့ပါတယ်။ ဒုတိယပိုင်းကစားပုံဟာ ပထမပိုင်းထက် ပိုကောင်းလာပြီး အပြန်အလှန်ရှိလာခဲ့ပါတယ်။ စည်သူသန်းနှင့် ကျော်သီဟတို့ကိုထည့်ပြီး တိုက်စစ်အပြောင်းအလဲလုပ်လာတဲ့ အဝါရောင်အသင်းဟာ ပွဲချိန်၅၂မိနစ်မှာ ချေပဂိုးပြန်ရခဲ့ပါတယ်။ စည်သူသန်း ဖြတ်ပို့တာကို ကျော်သီဟက အနီးကပ် ပိတ်သွင်းသွားတာဖြစ်ပါတယ်။

အနိုင်ဂိုးများ

အပြာရောင်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန်၆၁မိနစ်မှာ ခင်မောင်ထွန်းရဲ့ ဖြတ်တင်ဘောကနေ ပြည့်ဖြိုးဦးက ဂိုးသမား ကျော်ဇင်ထက် ရှေ့က ဖြတ်ပြီး ခေါင်းတိုက် သွင်းခဲ့တာ ဖြစ်ပါတယ်။ ခင်မောင်ထွန်းရဲ့ ဖြတ်တင်ဘောတွေဟာ တိုက်စစ်ကိုအကျိုးပြုခဲ့ပြီး ဂိုးနှစ်ဂိုးရအောင် ဖန်တီးပေးနိုင်ခဲ့ပါတယ်။ ဒုတိယပိုင်းဆိုရင် ကစားအားကျသွားတတ်တဲ့ အဝါရောင်အသင်းကတော့ ထိရောက်တဲ့ တိုက်စစ်ဆင်မှုတွေ မလုပ်နိုင်ခဲ့ပါဘူး၊ အပြာရောင်အသင်းအတွက် တတိယဂိုးကို ပွဲချိန်၂၅မိနစ်မှာ ပြည့်ဖြိုးဦးကပဲ သွင်းယူခဲ့ပါတယ်။

ပါဝင်ကစားခဲ့

အပြာရောင်အသင်းမှာ(ဂိုး)ညီညီလွင်၊ **(နောက်တန်း)**ခင်မောင်ထွန်း၊ ဝင်းဇော်အောင်၊ အေးဆန်း၊ ဉာဏလွင်(မင်းသူ)၊ **(အလယ်တန်း)** နေဇော်ထက်၊ ပိုင်စိုး၊ အောင်မြင့်အေး(ဝင်းဇော်ထိုက်)၊ ကျော်ဌေးဦး၊ **(ရှေ့တန်း)**ကျော်သူရ(ပြည့်ဖြိုးဦး) နဲ့ လှအေးထွေး(အောင်ဇော်လင်း)တို့ ပါဝင်ကစားခဲ့ကြပြီး အဝါရောင် အသင်းမှာ **(ဂိုး)** ကျော်ဇင်ထက်၊ **(နောက်တန်း)** အောင်ကိုမင်း၊ဌေးအောင်၊ကျော်ခိုင်ဝင်း၊ ကျော်ဇေယျာဝင်း၊ **(အလယ်တန်း)**ရာဇာဝင်းသိန်း (မိုးဝင်း)၊ထွန်းထွန်းဝင်း၊ စိုးသီဟအောင်၊ စိုးလင်းထွန်း (ကျော်သီဟ)၊ **(ရှေ့တန်း)** ရဲဝေယံစိုး (စည်သူသန်း)နဲ့ တင်အောင်မိုးတို့ ပါဝင်ကစားခဲ့ကြပါတယ်။

ခြေစမ်းပွဲနောက်ဆုံးပွဲစဉ်ကို ဇွန် ၃၀ ရက်မှာ ဆက်လက်ကျင်းပမှာဖြစ်ပြီး အပြာရောင်အသင်းနဲ့ အနီရောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ။

(မြန်မာ့အလင်း)

တိပိဋကထေရပါလကျောင်းဆောင်အတွက် အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၂၈

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏တပည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ (၁၁)ပါးမြောက် တိပိဋကဓရဆရာတော် ဘဒ္ဒန္တကုဏ္ဍပါလ တည်ထောင်သော ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် ဉာဏရပ်ကွက် တိပိဋကပုလဲရောင်ရှိန်စာသင်တိုက် တိပိဋကထေရပါလကျောင်းဆောင်အတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို (နယုန်လပြည့်ကျော် ၄ရက်) ဇွန် ၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် တိပိဋကထေရပါလကျောင်းဆောင်၌ ကျင်းပရာ အလှူရှင်များတက်ရောက်ကြည်ညိုကြသည်။ အခမ်းအနားတွင် တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တကုဏ္ဍပါလက ငါးပါးသီလချီးမြှင့်ပြီး အနုမောဒနာတရား ချီးမြှင့်တော်မူသည်။

တိပိဋကထေရပါလကျောင်းဆောင်အတွက် ဒုတိယအကြိမ် အလှူရှင်များစုပေါင်း လှူဒါန်းငွေကျပ် ၂၂၁သိန်းကို လက်ခံရရှိကြောင်းသိရသည်။ (က-ပ)

ထွက်ခွာ

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပမည့် အာဆီယံဘောလုံးအဖွဲ့ချုပ် ကောင်စီ အစည်းအဝေးကို တက်ရောက်မည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်အား ဇွန်၂၈ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက်အားကစား ဖောင်ပိတ်သတင်း

ယူရို၂၀၀၈ ဗိုလ်လုပွဲကစားမည့် ဂျာမနီနှင့်စပိန်တို့ အခြေအနေ

ဗီယင်နာ ဇွန် ၂၈

ယူရို၂၀၀၈ နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဂျာမနီနှင့်စပိန်တို့ ဇွန်၃၀ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅မိနစ်၌ စတင်ကစားမည်ဖြစ်ရာ ဒဏ်ရာရရှိထားသဖြင့် ပါဝင်မကစားနိုင်သည့် စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာနေရာတွင် ဖာဘရီဂတ်စ်အား ပွဲအစမှစတင်ကာ အစားထိုးကစားစေမည်ဖြစ်ကြောင်း၊ ထို့အပြင် ကစားသမားငါးဦးအထိ အပြောင်းအလဲ ပြုလုပ်ကစားသွားမည်ဖြစ်ကြောင်း စပိန်နည်းပြ အာရာဂိုးနက်စ်က ပြောကြားသည်။

ဗျူဟာပြောင်းကစားမည်

ထို့အတူ ဂျာမနီအသင်း ကွင်းလယ်ကစားသမားဖရင့်စ်သည် ရုရှားနှင့်ကစားခဲ့သည့် အကြိုဗိုလ်လုပွဲ၌ နံရိုးအက်သည့်ဒဏ်ရာရရှိခဲ့သော်လည်း ဗိုလ်လုပွဲ၌ ပါဝင်ကစားမည်ဖြစ်ကြောင်း ဂျာမနီနည်းပြ ဂျိုးအာချင်လိုက ပြောကြားသည်။ ဂျာမနီအသင်းသည် ဖရင့်စ်မှလွဲ၍ ကျန်ကစားသမားများ ကြံ့ခိုင်မှုအပြည့်ရှိကြောင်း၊ သို့သော် ယခင်ပွဲစဉ်များတွင် အသုံးပြုခဲ့သော ဗျူဟာကိုမူ ပြောင်းလဲကစားသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မြန်မာ့ရုပ်မြင်သံကြား

၂၉-၆-၂၀၀၈ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈း၀၀	၅။	အကပြိုင်ပွဲ
၈း၁၅	၆။	တေးဂီတအစီအစဉ်
၈း၃၀	၇။	International News
၈း၄၀	၈။	အတီးပြိုင်ပွဲ
၈း၅၀	၉။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၁၀	၅။	**မီးရထားစီးခရီးသွားကြသူများ** နေအောင်၊ မေသဥ္စာဦး၊ ဇင်ဇင်ဇော်မြင့်၊ သဇင်၊နန်းဆုရတီစိုး ဒါရိုက်တာ-စင်ရော်မောင်မောင်
၁၃း၄၅	၆။	၂၀၀၅ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ
၁၄း၃၀	၇။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၁၄း၄၅	၈။	International News
၁၅း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၂၀	၃။	**လူကူးမျဉ်းကျားမှကူးမယ်**
၄း၃၀	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၄၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၅၀	၆။	အတီးပြိုင်ပွဲ
၅း၀၀	၇။	ဆိုကြမယ် ပျော်ကြမယ်
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၃၅	၁၀။	အဆိုပြိုင်ပွဲ
၆း၄၅	၁၁။	ထူးချွန်ထင်ရှား မြန်မာအမျိုးသမီးများ(အပိုင်း-၁)
၇း၀၀	၁၂။	မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
၇း၁၀	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားလေးချစ်ပုံပြင်** (အပိုင်း-၉)
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **မာယာထောင်ချောက်** (အပိုင်း-၃၄) [ဇာတ်သိမ်းပိုင်း]
	၁၈။	အစီအစဉ်ပြီး၏။

ပန်းအလှပင်စိုက်ပျိုး

ကလေးဝ ဇွန် ၁၆

ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဝန်ထမ်းများ မြို့အဝင် ပန်းအလှပင်စိုက်ပျိုးခြင်းနှင့် မြေယာရှုခင်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဇော်ခင်က ကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

29-6 (13).pmd 1 6/29/2008, 2:31 AM

လေဘေး၊ ရေဘေးဒဏ်ခံရသော မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းရေး ပုသိမ်၌ စည်းဝေး

ပုသိမ် ဇွန် ၂၆

ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ)ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဆရာတော်များကြီးမှူး၍ ဧရာဝတီတိုင်းအတွင်း လေဘေး၊ ရေဘေးဒဏ် ခံစားခဲ့ရသော မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးပို့ဆက်ကပ်လှူဒါန်းရေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၄ရက်က ပုသိမ်မြို့ သာသနာ့ဗိမာန်ဝင်းအတွင်းရှိ တိုင်းသံဃနာယကအဖွဲ့ရုံး၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ (သုဓမ္မာ)အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသ (ကုန်းသာ) အမှူးပြုသော ဂိုဏ်းပေါင်းစုံ တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဆရာတော်ကြီးများ၊ ပုသိမ်မြို့နယ် သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ)မှ ဆရာတော်များ ကြွရောက်တော်မူကြသည်။

လျှောက်ထား

အခမ်းအနားတွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းသံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဆရာတော်ကြီးများက သြဝါဒချီးမြှင့်တော်မူကြပြီး ဧရာဝတီတိုင်း သာသနာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်ဦးက ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ မြို့နယ်သံဃနာယကအဖွဲ့(ဂိုဏ်းပေါင်းစုံ) အစီအစဉ်ဖြင့် ပေးပို့လှူဒါန်းထားရှိသော လှူဖွယ်ဝတ္ထုငွေနှင့် သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ လက်ခံရရှိမှု အခြေအနေကို လျှောက်ထားတင်ပြသည်။

ထို့နောက် ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက လေဘေး၊ ရေဘေးဒဏ်ခံရသော တိုင်းအတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ ဘုန်းတော်ကြီးကျောင်းများသို့ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးပို့ဆက်ကပ်လှူဒါန်းရေး အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးတော်မူကြသည်။ (ဝဲပုံ)

လှူဒါန်းမည်

ဧရာဝတီတိုင်းအတွင်း မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများမှ ဂိုဏ်းပေါင်းစုံ သံဃနာယကအဖွဲ့များမှတစ်ဆင့် လှူဒါန်းမှု စုစုပေါင်းမှာ ငွေကျပ် ၂၄၂၃၉၄၆၀နှင့် သင်္ကန်းဒွိစုံ ၄၁၃၀စုံ၊ ထီး ၂၀၄၃လက်၊ ဖိနပ်အရန် ၁၄၁၀အပါအဝင် ဆန် ၇၂အိတ်နှင့် အခြားလှူဖွယ်ပစ္စည်းများ စုစုပေါင်း ၄၅မျိုးအတွက် တန်ဖိုးငွေ စုစုပေါင်း ငွေကျပ်သိန်း ၃၅၀ဖြစ်၍ စုစုပေါင်းငွေကျပ် ၅၉၂သိန်းကျော် တန်ဖိုးရှိသော ဝတ္ထုငွေနှင့် ပစ္စည်းများအား ဇွန် ၂၉ရက်မှစ၍ လေဘေးဒဏ်ခံမြို့နယ် ခုနစ်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(တိုင်းသာသနာရေး)**

အရန်သားဖွားသင်တန်း မိတ္ထီလာမြို့ဆေးရုံ၌ဖွင့်

မိတ္ထီလာ ဇွန် ၁၈

မိတ္ထီလာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အရန်သားဖွားသင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲအခမ်းအနားကို မေ ၂၃ ရက် နံနက်က မိတ္ထီလာအထွေထွေရောဂါကုဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မိတ္ထီလာခရိုင် ဆေးရုံအုပ်ကြီး ဦးကြည်ဝင်းက သင်တန်းနှင့် ပတ်သက်သည့် ပညာရပ်ဆိုင်ရာများကို ဟောပြောဆွေးနွေးတင်ပြသည်။

အရန်သားဖွားသင်တန်းသို့ မိတ္ထီလာ၊ ဝမ်းတွင်း၊ မလှိုင်နှင့် သာစည်မြို့နယ်များမှ သင်တန်းသူ တစ်မြို့နယ်ငါးဦးကျ တက်ရောက် သင်ကြားကြသည်။

သင်တန်းကာလမှာ ခြောက်လဖြစ်ပြီး ပထမသုံးလတွင်း စာတွေ့သင်ကြား၍ ဒုတိယသုံးလတွင် ကျေးလက်ကျန်းမာရေး ဌာနများ၌ လက်တွေ့ကွင်းဆင်း သားဖွားပေးကြရမည် ဖြစ်သည်။ သင်တန်းပြီးဆုံးပါက သင်တန်းသူများသည် တိုက်နယ်နှင့် ကျေးလက်ကျန်းမာရေး ဌာနများတွင် ပူးတွဲ တာဝန်ထမ်းဆောင်ကြရမည် ဖြစ်သည်။ (၀၈၆)

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မေ ၁၁ရက်က အဖွဲ့ပိုင်ယာဉ်များ ကြံ့ခိုင်မှုရှိရေးအတွက် အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်တိုးတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဖားကန့်မြို့၌ ပန်းအလှပင်များ ဖြတ်ညှိပြုပြင်

ဖားကန့် ဇွန် ၁၈

ဖားကန့်မြို့ သာယာလှပစေရေးအတွက် ဖားကန့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဒုတိယဦးစီးမှူး ဦးမျိုးသန့်စင်ဦးဆောင်သောဝန်ထမ်းများသည် ဇွန် ၇ ရက်က ၄ကျပ်ပျောတောရပ်ကွက်ရှိ စည်ပင်ရိပ်သာအဝင် လမ်းတစ်လျှောက်တွင် စိုက်ပျိုးထားသော ပန်းအလှပင်များကို ပေါင်းရှင်းခြင်း၊ ဘိုကတော်ပင်နှင့် ပုလဲသွယ်ပင်များကို ဖြတ်ညှိပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်ကကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြို့နယ် သတင်းများ

ဟိုပုံးမြို့နယ်တွင် မိုးရာသီ သစ်ပင်စိုက်ပျိုး

ဟိုပုံး ဇွန် ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း)ဟိုပုံးမြို့နယ် ပေါင်လင်းကျေးရွာအုပ်စု လုံးတန်ကျေးရွာတွင် ဇွန်၄ရက်နံနက်စနာရီခွဲက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကျော်ဇံမြင့်က ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများအား စိုက်ပျိုးရန် နှစ်ရှည်ပျိုးပင်များနှင့် ပန်းအလှပင်များပေးအပ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများအား နှစ်ရှည်ပျိုးပင်များနှင့် ပန်းအလှပင်များပေးအပ်သည်။**(အောက်ပုံ)**

ဆက်လက်၍ ဗိုလ်မှူးကြီးကျော်ဇံမြင့်က နှစ်ရှည်ပင်များ စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၏ နှစ်ရှည်ပင်များစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ နေပြည်တော်မြို့ တောင်ဘက်ခြမ်းအဝင်လမ်း၊ မြို့ပတ်လမ်းပေါ်ရှိ မြို့ပတ်လမ်း မြောင်းကူး ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ဇွန် ၁၀ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နွဲ့နွဲ့ရီနှင့် အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၄၇)

ဆင်ပေါင်ဝဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၇)လမ်း မြေနီ ကျောက်ချော လမ်းခင်းခြင်းလုပ်ငန်းကို ဇွန် ၂၁ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဆင့် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ရွှေနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်စန်းဦးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကြေးပိဋကတ်တော်များ ထည့်သွင်းပူဇော်ရန် ကြေးသေတ္တာများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၂၈

သုတ္တန္တပိဋကဝင် ကြေးပိဋကတ်တော်များ ထည့်သွင်းပူဇော်ရန်အတွက် ကြေးသေတ္တာများကို ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံ မိဘများဖြစ်သော ဦးစိုးအုပ်-ဒေါ်ခင်မြ၊ ဦးဖော်ရှင်-ဒေါ်သန်းရွှေတို့အား ရည်စူး၍ ဗိုလ်မှူးကြီး ခင်မောင်မြင့်(ရေ-ငြိမ်း)-ဒေါ်ကြင်ဟုန်၊ သား ဦးသောင်းကျော်ဦး၊ သမီး မအေးအေးမြင့်၊ ဒေါ်ဥမ္မာမြင့်၊ ဒေါ်အိအိထွေး၊ ဒေါ်ပြည့်ပြည့်ဖြိုးမြင့် မိသားစုက ကြေးသေတ္တာတစ်လုံး တန်ဖိုးငွေကျပ် ၁၅၀၀၀၀၊ ဦးမောင်မောင်မြင့်နှင့် မိဘ၊ မောင်နှမများအား ရည်စူး၍ ဒေါ်မိမိလေးနှင့်သားများ မိသားစုက ကြေးသေတ္တာတစ်လုံး တန်ဖိုးငွေကျပ် ၁၅၀၀၀၀၊ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၇၃)နေ ဦးလှမြင့်-ဒေါ်ခင်လေးစီ၊ သမီး မစုခိုင်ဦး မိသားစုက ကြေးသေတ္တာနှစ်လုံး တန်ဖိုးငွေကျပ် ၃၀၀၀၀၀၊ မိခင်ဖခင်တို့အား ရည်စူး၍ အမှတ်(၃၀၆) မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ်နေ ဦးစိုးမင်း-ဒေါ်ညွန့်ညွန့်၊ သား ကိုကြည်ဝင်း-မအေးအေးမော်၊ သမီး မခင်မမ၊ မြေး ကိုမင်းသစ်ထွန်း၊ မောင်အောင်အောင်မင်း မိသားစုက ကြေးသေတ္တာတစ်လုံးတန်ဖိုးငွေကျပ် ၁၅၀၀၀၀၊ သုဝဏ္ဏမြို့သစ် ယင်းမာမြိုင်လမ်း အမှတ်(၇၃/၁)နေ ဦးမင်းသူ-ဒေါက်တာသစ်သစ်၊ သား မောင်ဘုန်းမြင့်သူ၊ မောင်ကျော်ဇင်သူ မိသားစုက ကြေးသေတ္တာတစ်လုံး တန်ဖိုးငွေကျပ်၁၅၀၀၀၀၊ ခင်ပွန်း ဦးဖေမောင်အား ရည်စူး၍ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ဝါယာလက်(၂)လမ်း အမှတ်(၂၈/အေ)နေ ဒေါ်လှမိသားစုက ကြေးသေတ္တာတစ်လုံး တန်ဖိုးငွေကျပ် ၁၅၀၀၀၀ စီကို အသီးသီး လာရောက်လှူဒါန်းကြသည်။ **(က-ပ)**

ညောင်တုန်းမြို့မ စည်ပင်သာယာဈေး သန့်ရှင်းသာယာလှပရေးနှင့် ဈေးအတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်လျက်ရှိရာ ဇွန်၂၀ရက်က လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်ဦးနှင့် ဒုတိယဦးစီးမှူး ဦးသန့်ဇင်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၅၂)

ကျိုင်းတုံမြို့၌ ပျော်ရွှင်စရာလူငယ်ကမ္ဘာစာကြည့်တိုက်ဖွင့်

ကျိုင်းတုံ ဇွန် ၂၀

ကျိုင်းတုံမြို့နယ် ပန်လော့ကျေးရွာ ပျော်ရွှင်စရာ လူငယ်ကမ္ဘာ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်စာစောင်ပေးအပ်လှူဒါန်းပွဲကို မေ ၂၇ရက် မွန်းလွဲ ၂ နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း၊ စာကြည့်တိုက် ရှင်သန်ခိုင်မာရေး လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအားဖျော့(ခ) အေးမောင်က သုတ ရသစာအုပ် ၇၅အုပ်ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူးက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

လေဘေးသင့်ဒေသရှိ သံဃာတော်များအတွက် အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်း

နောင်ချို ဇွန် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဟော်တော်ကျောင်းတိုက်၌ လေဘေးသင့်ဒေသရှိ သံဃာတော်များအတွက် အလှူငွေနှင့် အသုံးအဆောင်ပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားကို ဇွန်၁၅ရက်က မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဦးဆောင်၍ ကျင်းပရာ တက်ရောက်လာသူများက ဆရာတော်ကြီးများထံမှ ငါးပါးသီလခံယူပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က အလှူငွေနှင့်အသုံးအဆောင်ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်သို့ လွှဲပြောင်းပေးအပ်သည်။**(ဝဲပုံ)**

အဆိုပါလှူဒါန်းသော ဝတ္ထုငွေကျပ် ၁၇၉၆၀၀၀အပြင် အသုံးအဆောင်ပစ္စည်းတန်ဖိုးငွေကျပ် ၃၃၅၀၀၀၀ဖြစ်ပြီး ဘုန်းတော်ကြီးကျောင်း ၁၁၇ကျောင်းကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒီပဲယင်းမြို့ စိမ်းလန်းစိုပြည်ရေး မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

ဒီပဲယင်း ဇွန် ၂၀

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၈-၂၀၀၉ခုနှစ် မိုးရာသီ သစ်ပင်စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁၂ရက် နံနက်ပိုင်းက ရေဦး-ဒီပဲယင်း ကားလမ်းမိုင်တိုင် အမှတ် ၁၃၀/၁ မှ ၁၃၁/၀ အတွင်း လမ်းဘေးဝဲယာတစ်လျှောက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အဖွဲ့ဝင်များ၊ ရေဦးမြို့နယ် သစ်တောဦးစီးဌာနဦးစီးမှူး ဦးဇော်ဇော်အောင်၊ ဒီပဲယင်းမြို့နယ် သစ်တောဦးစီးဌာန တာဝန်ခံတောအုပ် ဦးတင်မောင်ထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၃၅၀ခန့် တက်ရောက်ကြသည်။

စိုက်ပျိုး

အခမ်းအနားတွင် ကျွန်း၊ တမာ၊ ကုက္ကို၊ မဲဇလီနှင့် ယူကလစ်ပင် စုစုပေါင်း ၁၁၀၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ငူမြို့၌ ကျန်းမာရေးပညာပေး ဟောပြော

တောင်ငူ ဇွန် ၁၆

တောင်ငူခရိုင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များသည် ဇွန်၅ရက်က တောင်ငူမြို့နယ် ကန်ရိုးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျန်းမာရေးပညာပေးဟောပြောပွဲကို ကျင်းပရာ တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေအေးက အဖွင့်အမှာစကားပြောကြား၍ **(အောက်ပုံ)** မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာခင်လေးရီက သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါများအကြောင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အကြောင်းများကိုလည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ယုယုကြည်က ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းကိုလည်းကောင်း ဟောပြောကြသည်။

လှူဒါန်း

ဆက်လက်၍ ကန်ရိုးကျေးရွာ ပညာအဖော်မွန် စာကြည့်တိုက်တွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စိုးစိုးသိန်းနှင့်အဖွဲ့ဝင်များက သုတ၊ ရသစာအုပ်မျိုးစုံအုပ် ၁၂၀ခန့် လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျန်းမာရေး အသိပညာပေး ဟောပြော

မန္တလေး ဇွန် ၂၄

မန္တလေး မဟာအောင်မြေမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ရွှေဘုန်းရှိန်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဇွန်၁၇ရက်က ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ကျင်းပသည်။

တက်ရောက်

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နုနုလွင်၊ အတွင်းရေးမှူး ဒေါက်တာရတနာအောင်နှင့် အမှုဆောင်များ၊ ရပ်ကွက်အတွင်းမှ အိမ်ရှင်မများ တက်ရောက်ကြကြောင်း သိရသည်။ (၁၆၂)

ကော့ကရိတ်မြို့၌ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖွင့်

ကော့ကရိတ် ဇွန် ၁၂

ကော့ကရိတ်မြို့နယ် ကော့ပလန်ကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဖွင့်ပွဲအခမ်းအနားကို မေ၂၀ရက် နံနက် ၁၀နာရီက အဆိုပါ ကျောင်းမွေ့ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် မြို့နယ်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်များက ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

ထို့နောက် ခရိုင် သာသနာရေးမှူး ဦးရွှေဝင်းက အလှူရှင်အသီးသီးမှ လှူဒါန်းသော အလှူငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးအပ်လှူဒါန်းရာ ကော့ပလန်ကျောင်း ဆရာတော် အရှင်ခေမာစာရ ကိုယ်စား ကျောင်းဒကာတစ်ဦးကလက်ခံယူကြောင်း သိရသည်။**(အပေါ်ဝဲပုံ)** **(ခရိုင် ပြန်/ဆက်)**

မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂လမ်း ရတနာမဥ္ဇူမဓမ္မရိပ်သာတွင် တည်ဆောက်လျက်ရှိသော စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီးအတွက် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် မြေတံတားလမ်းနေ ဦးငွေသိန်း-ဒေါ်ငွေလှိုင် မိသားစုက အလှူငွေကျပ် ၁၀သိန်းကို ကျောင်းတိုက်ဆရာတော် ကမ္မဋ္ဌာနာစရိယ အရှင်ဇေယျာနန္ဒ(ပုဂံ) ရှေ့မှောက်၌ လှူဒါန်းစဉ်။ (က-ပ)

မိုးညိုမြို့နယ်စည်ပင် ခြင်ဆေးဖျန်းဆောင်ရွက်

မိုးညို ဇွန် ၂၂

မိုးညိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးတင်မောင်ဝင်း ဦးဆောင်သော ဝန်ထမ်းများ၊မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဇွန်၁၃ရက်က မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများသို့ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းမှုများ ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

သဘာဝဘေးဒဏ်ခံရသော ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်

ကဝ ဇွန် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ပဲခူးတိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ပဲခူးတိုင်းအသင်းခွဲ)တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပဲခူးတိုင်း ကဝမြို့နယ်အတွင်း သဘာဝဘေးဒဏ်ခံရသော ဒေသများရှိ ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုင်းရင်းဆေးပညာဦးစီးဌာန ပဲခူးတိုင်းဦးစီးဌာနမှူး ဦးအောင်အောင်နှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ပဲခူးတိုင်း အသင်းခွဲ)ဥက္ကဋ္ဌဆရာကြီး ဦးအေးရွှေတို့ ဦးဆောင်၍ တိုင်းအသင်းခွဲ အလုပ်အမှုဆောင်အဖွဲ့ဝင် ဆရာကြီး ဦးကျော်မြင့်(ဒိုက်ဦး)၊ ပဲခူးခရိုင် တိုင်းရင်းဆေးမှူး ဒေါ်ကြင်ငွေ၊ ကဝမြို့နယ်အသင်းခွဲ ဥက္ကဋ္ဌဆရာကြီး ဦးသိန်းဟန်၊ အတွင်းရေးမှူး ဆရာဦးဌေးဝင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသော ဆရာဦးဝင်းတင်နှင့် ဆရာမဒေါ်ခင်ခင်ညွှန့်၊ သနပ်ပင်မြို့နယ် တိုင်းရင်းဆေးကုဌာန ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်စန္ဒာယုနှင့် လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်နွယ်နီထိုက်တို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မေ၁၈ရက်က အုန်းနဲ့ကျေးရွာအုပ်စု၊ ခမဲပြင်ကျေးရွာနှင့် အုန်းနဲ့တန်၁၀၀ဆန်စက်ဝင်းတို့၌လည်းကောင်း၊ ၁၉ရက်က သက္ကလစံပြကျေးရွာအုပ်စု၌ လည်းကောင်း၊ ၂၀ရက်က ကဝမြို့နယ် ပြည်သူ့ဆေးရုံ၌လည်းကောင်း သဘာဝဘေးဒဏ်ခံရသော ဒေသများရှိ ပြည်သူများသိရှိလိုက်နာကြရမည့် ကျန်းမာပညာသတိထားစရာအကြောင်း အရာများကို ရှင်းလင်းပညာပေးဟောပြော၍ တိုင်းရင်းဆေးဝါးများဖြင့် စုစုပေါင်းလူနာ ၄၅၀တို့အား ကုသပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၂ရက်က ညောင်လေးပင်-ဝါးရုံကုန်းကျေးရွာအုပ်စု ဖွံ့ဖြိုးရေး လမ်းဘေးဝဲယာ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ် သစ်တောဦးစီးဌာနမှူး ဦးသန်းနွယ်နှင့် ဌာနပေါင်းစုံဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ အရိပ်ရပင်များ စိုက်ပျိုးကြစဉ်။ (ဝ၅၃)

စဥ့်ကူးမြို့နယ် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ ဆွေးနွေး

စဥ့်ကူး ဇွန် ၂၀

ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကို ဇွန် ၉ရက် နံနက်၁၀နာရီက မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အကြံပြုဆွေးနွေး

ရေဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်တင်တင်နုက အမှာစကားပြောကြားပြီး စာဖတ်ပွဲကျင်းပရာ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ထွန်းစန္ဒာလင်းနှင့် ဓာတ်ပုံကျွမ်းကျင်(၂) ဦးဇော်မျိုးထိုက်တို့က မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် စည်သူအောင်၏ အခြေခံဥပဒေသည်သာ ပြည်သူတစ်ရပ်လုံး၏ Mandate အစစ် ဆောင်းပါးကို ဖတ်ကြားရာ ရုံးဝန်ထမ်းများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး မြို့နယ်ဦးစီးမှူးက ပြန်လည်ခြုံငုံသုံးသပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကင်းချောင်းကျေးရွာ သောက်ရေကန် တူးဖော်မှုအခြေအနေကို မေ ၂၄ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် မြောက်ဘက် ရင်ပြင် (သောကြာထောင့်) အာရုံခံ တန်ဆောင်း တည်ဆောက်ရန် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် တော်ဝင် အိမ်ရာ တိုက် ၂၀ အခန်း ၂၂ နေ ကိုကျော်မျိုးနိုင်-မချောစုလှိုင်၊ သားမောင်ရဲမင်းဦး မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဝင်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗန်းမောက်မြို့နယ် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းရည်ရွယ်ချက်ရှင်းလင်း

ဗန်းမောက် ဇွန် ၂၂

ကသာခရိုင် ဗန်းမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဇွန် ၁၆ရက် ညနေ ၃နာရီက မြို့နယ်ရုံးဝန်ထမ်းများ စာဖတ်ဝိုင်းကို ကျင်းပသည်။

ဖတ်ကြား

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဒေါ်မေသူဟန်က စာဖတ်ဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး (ဓာတ်ပုံကျွမ်းကျင်-၂) ဦးကျော်ထူးက ဇွန် ၁ရက်ထုတ် ဒို့ကျေးရွာ ဂျာနယ် အတွဲ(၅) အမှတ်(၁၁)ပါ စာရေးဆရာ ထွေးကိုထွန်း၏ နာဂစ်အလွန် နိုင်ငံတော်အစိုးရ၏စေတနာ ဆောင်းပါးကိုလည်းကောင်း၊ စာရေး ဒေါ်မြဉ္ဇနီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ထုတ်ဝေသည့် အခြေခံ စာကြည့်တိုက် ပညာမှတ်စုများစာအုပ်မှ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းများ အကြောင်းကိုလည်းကောင်း၊ (လုပ်သားရုပ်သံ)ဦးကျော်စွာထွန်းက မတ် ၁၅ရက်ထုတ် ဒို့ကျေးရွာဂျာနယ်အတွဲ(၅) အမှတ်(၆)ပါ စာရေးဆရာ ဦးသန်းထွန်း (ရွှေဘို)၏ ပညာပြည့်ဝနှလုံးလှ ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားကြသည်။

(မြို့နယ် ပြန်/ဆက်)

ဆောက်လုပ်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံသို့ ပညာဒါနပြုလိုသူ စေတနာရှင် ဦးမောင်မောင်ရီ (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)-ဒေါ်မြင့်မြင့်၊ သား ဦးကျော်ထင်၊ သမီး ဒေါက်တာ မေစုရီ မိသားစု တိုက် ၃ အခန်း ၄ ရွှေဂုံရိပ်သာ လင့်လမ်း ဗဟန်းမြို့နယ်က မဟာသိပ္ပံအဆောက်အအုံ ဆောက်လုပ်ရန်အတွက် ငွေကျပ်တစ်သိန်းကို ဗိုလ်အောင်ကျော်လမ်း အမှတ်(၂၉၅-၂၉၇)ရှိ မဟာသိပ္ပံ၏ အလှူခံဌာနတွင် ပေးအပ်လှူဒါန်းရာ သံအမတ်ကြီး ဦးမြသန်း(ငြိမ်း)က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြစ်ကြီးနားမြို့ အမှတ်(၁)ဈေးအတွင်း ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်းကို ဈေးမိဈေးဖနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ရာသို့ ဇွန် ၁၂ရက်က အင်ဂျင်နီယာမှူးဦးသိန်းမြင့်၊ ဦးစီးအရာရှိ ဦးဌှန်ဝယ်၊ ဒုတိယဦးစီးမှူး (ဈေး)ဒေါ်ရွယ်ဂျာနှင့် ကျန်းမာရေးမှူး(၂) ဦးနေလင်းကျော်တို့ ကွင်းဆင်းကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လောင်းလုံး-ပြင်းထိန်လမ်းပေါ်ရှိ သစ်သားတံတား ဆောက်လုပ်ပြီးစီးမှုကို မေ ၃၁ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်အုံးနှင့် တာဝန်ခံ အင်ဂျင်နီယာဦးမိုးဇော်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နယ်လှည့်စာကြည့်တိုက်ဟောပြောပွဲနှင့် စာဖတ်ပွဲ ကျောက်တလုံးကြီး၌ကျင်းပ

ကျောက်တလုံးကြီး ဇွန် ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဆိုင်စိန်နှင့် အငယ်တန်းစာရေး ဒေါ်ဝတ်ရည်ဖြိုးတို့သည် ဇွန်၁၉ ရက် နံနက် ၁၀နာရီခွဲက နောင်ကားကျေးရွာ အုပ်စုလုံးကား အခြေခံပညာအထက်တန်းကျောင်းတွင် နယ်လှည့်စာကြည့်တိုက် ဟောပြောပွဲနှင့် စာဖတ်ပွဲကျင်းပသည်။

ရှေးဦးစွာဒေါ်နန်းဆိုင်စိန်က နယ်လှည့်စာကြည့်တိုက် ဟောပြောပွဲနှင့် စာဖတ်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းဟောပြောသည်။

ထို့နောက် စာဖတ်ပွဲကျင်းပရာ နဝမတန်းကျောင်းသူ မနန်းခမ်းဖွီးက ဇွန်၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာမှ စည်သူအောင်၏ အခြေခံဥပဒေသည်သာ ပြည်သူတစ်ရပ်လုံး၏ Mandate အစစ် ဆောင်းပါးကို ဖတ်ကြားပြီး နဝမတန်းကျောင်းသူ နန်းဖြူဖြူဝင်းက သူတော်ကောင်း နတ်ကောင်းမစာအုပ်မှ သူတော်ကောင်း ဥစ္စာခုနစ်မျိုးအကြောင်း ဖတ်ကြားသည်။

ဆက်လက်၍ ဒေါ်နန်းဆိုင်စိန်နှင့် ဒေါ်ဝတ်ရည်ဖြိုးတို့သည် မွန်းလွဲ ၁နာရီက နောင်ကားကြီးစံပြရွာရှိ နေခြည်ဦးစာကြည့်တိုက်တွင် သုတ၊ ရသ၊ မဂ္ဂဇင်း၊ ဂျာနယ် စုစုပေါင်း ၃၄၄အုပ်ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်မှူးဦးထွန်းရှိန်က လက်ခံယူကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

နမ့်ခမ်းမြို့နယ် ပြန်/ဆက် ဝန်ထမ်းများ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

နမ့်ခမ်း ဇွန် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ဇွန် ၁၁ ရက် မွန်းလွဲပိုင်းက မြို့နယ်ရုံးစာကြည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဦးသိန်းအောင်က စာဖတ်ဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဦးမိုင်းဆိုင်ထွန်း(ဓာတ်ပုံကျွမ်းကျင်-၂)နှင့်ဦးရိုင်အောင်ဆန်း(စာထောက်-၃) တို့က မေ ၃၀ရက်နှင့် ၃၁ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ ကျော်ရဲမင်း၏ သားသမီးတို့အပေါ် အစဉ်လွှမ်းခြုံလျက်ရှိသည့် မိဘ၏မေတ္တာစေတနာများ ဆောင်းပါး(၁)၊(၂)ကိုလည်းကောင်း၊ ဒေါ်လွေးအေးအေးဟန်(ရုပ်သံကျွမ်းကျင်-၃)၊ ဒေါ်လွေးအုတ်ရွှေစိန်(လုပ်သား ရုပ်သံ)နှင့် ဒေါ်လွေးစောခင်(ရုံးအကူ) တို့က ဇွန် ၃ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ စည်သူအောင်၏ အခြေခံဥပဒေသည်သာ ပြည်သူတစ်ရပ်လုံး၏ Mandate အစစ် ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက ဆောင်းပါးဖတ်ကြားဆွေးနွေးမှုနှင့်ပတ်သက်၍ ခြုံငုံသုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံတကာသတင်းဂျာနယ်များမှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေနေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါ လိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်-

ဖြန့်ချိရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း-၂၉၂၈၃၀၊ ၂၉၁၄၅၄

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ကျပ်၁၀၀

(ဖတ်ရှုလိုသူများနီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင်မှာယူနိုင်ပါသည်)

ကျေးဇူး ဆပ်ပါမည်

ကျွန်တော်၏ ပြည်တွင်းရေယာဉ်မောင်းနှင်ခွင့်လက်မှတ်အမှတ် စမဒ-၁၁၉/၂၀၀၆သည် ပျောက်ဆုံးသွားပါကြောင်း အကြောင်းကြားအပ်ပါသည်။ **ကိုထွန်းအောင်ကျော် ဖုန်း-၀၁-၅၄၄၅၁၃။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မက/၄၂၇၃ Kenbo 110 နှင့် ယ/၉၃၇၀၈ Honda C90 ယာဉ်လက်ဝယ်ရှိသူ ဦးစိန်တင် မှတ်ပုံတင် ၈/မကန(နိုင်)၁၀၈၈၉၁ က (ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများသည် ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်းကညန၊တိုင်းရုံး(မကွေး)သို့လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊တိုင်းရုံး(မကွေး)။**

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ်၁ယ/၂၆၀၁ Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဦးလမင်းဝင်း ၉/မနမ(နိုင်) ၀၀၂၁၈၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့။**

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

နေပြည်တော် လယ်ဝေး အေလာကျေးရွာ မြို့သစ်(၂)လမ်းနေ ဒေါ်ဂျမ်း၏ သမီးဖြစ်သူ မထားထားမြင့် ၉/လဝန(နိုင်)၁၂၃၅၉၁အား ၂၃-၁၂-၂၀၀၅ ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်း ၆-၁-၂၀၀၆ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကြော်ငြာအား မိခင်ဒေါ်ဂျမ်းမှ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

မိခင်-ဒေါ်ဂျမ်း။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မြင်းခြံခရိုင်တရားရုံး

၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ် -၅၂

မန်နေဂျာ	**နှင့်**	၁။ ဦးသန်းညွန့်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်လှကြည်
ကျောက်ပန်းတောင်း။		
တရားနိုင်		**တရားရှုံးများ**

၂၀၀၅ခုနှစ် တရားမကြီးမှုအမှတ်-၁၃၂ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၈ခုနှစ် ဇူလိုင် ၂၃ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာရပ်ကွက် ကွင်းအမှတ်(၂၀၆၉/ခ) ကျောက်ပန်းတောင်း(တောင်)ကွင်း မြေကွက်အမှတ် (၂၉၅/၅၈၅) ဧရိယာ ၀ဒသမ၀၉၁ဧကရှိ မြို့မြေနှင့်ယင်းမြေပေါ်ရှိ(၄×၄)ပင်(၂၂×၂၇×၁၈)ပေ သွပ်မိုး အုတ်ညှပ်ကာ ကွန်ကရစ်ခင်း၊ လျှာထိုးပျဉ်ခင်း၊ လူနေနှစ်ထပ်နံကပ်နှင့် (၁၇×၁၀ဒသမ၆×၉)ပေ သွပ်မိုးအုတ်ညှပ်ကာ၊ ကွန်ကရစ်ခင်း ဂိုဒေါင် (၂၂×၁၁×၁၇) ပေ သွပ်မိုး၊ ဝါးကပ်မိုး၊ ထရံကာပျဉ်ခင်း လုပ်ငန်းသုံးအဆောက်အအုံနှင့် (၁၀×၅×၇)ပေ ရေချိုးခန်းနှင့် (၈×၁၀×၁၈)ပေ အုတ်ရေကန်။

ကြမ်းခင်းဈေး ကျပ်သိန်း၃၀၀။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဇွန် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မေလေးညို(တ/၁၆၁၄)
ခရိုင်တရားသူကြီး
ခရိုင်တရားရုံး၊ မြင်းခြံမြို့။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဇွန် ၂၈

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများလက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

ဖခင်အမည်မှန်

ခ/၃၀ စက်မှုလက်မှု(၃)လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့နေ မသီဂီစိုး၏ ဖခင်အမည်မှန်မှာဦးမြင့်စိုး၁၂/တမန(နိုင်) ၀၃၄၀၂၈ဖြစ်ပါကြောင်း။ **ဦးမြင့်စိုး။**

အမည်ပြောင်း

အဖ ဦးထွန်းလင်း ၁၂/တမန(နိုင်)၀၉၂၈၂၂၏သမီး တာမွေမြို့နယ် အမက(၃၀) တတိယတန်းမှ မချိုဇင်သက်အား ယနေ့မှစ၍ မသူဇာစိုးဟု ပြောင်းလဲခေါ်ပါရန်။ **မသူဇာစိုး။**

အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း ကြေညာချက်အား ပြန်လည်ရှင်းလင်းကြေညာခြင်း

ဒေါ်ကြည်ကြည်သက် ၁၂/စခန(နိုင်)၀၀၅၃၄၉ သည် ဒေါ်အေးငြိမ်းသူ ၁၂/စခန(နိုင်) ၀၆၁၄၄၈အား ၁၁-၁-၂၀၀၇ရက်၌ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး ရန်ကုန်မြို့တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ ၃၉၇/၀၇ဖြင့် လွှဲအပ်ပေးခဲ့ခြင်းဖြစ်ပြီး ၂၂-၆-၂၀၀၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၉၇/၀၇ကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာချက်မှာ တစ်ဖက်သတ် ကြေညာချက်သာဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

ဒေါ်အေးငြိမ်းသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနေဝင်း (LL.B)	**ဦးတိတ်လွင် (B.Sc, H.G.P)**
တရားရုံးချုပ်ရှေ့နေ (စဥ်-၇၂၂၁)	**အထက်တန်းရှေ့နေ(စဥ်-၉၁၂၈)**

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- **မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။**
- **မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။**

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

*** ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။**

*** လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။**

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

မြန်မာ့အလင်း သတင်းဆောင်းပါး အညွှန်း

မြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်တိုင်းအတွင်းရှိ တာတမံများ ပြန်လည်ပြင်ဆင်တည်ဆောက်မည့် အစီအမံများ

မောင်မောင်မြင့်ဆွေ၏ သတင်းဆောင်းပါး စာ-၈၊၉

29-6 (20).pmd 1 6/29/2008, 2:31 AM